# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 March 2024 ၁၁၃၉၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အား ရွေးချယ်တင်မြှောက်** စာမျက်နှာ » ၃

**ပြည်ပနေနိုင်ငံခြားသားများထံပေးချေငွေအပေါ် ပင်ရင်းမှ အခွန်နုတ်ယူပေးသွင်းခြင်းအကြောင်း** ဆောင်းပါး စာမျက်နှာ » ၁၀

**စိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်နှစ်မှစတင်၍ ထုတ်လုပ်မှု အထောက်အကူပြုသုတေသနများ ဆောင်ရွက်** စာမျက်နှာ » ၁၁

**မူပိုင်ခွင့်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးခရီးလမ်း** ဆောင်းပါး စာမျက်နှာ » ၁၅




## ကျောက်ဆည်ခရိုင်၌ ပဲမျိုးစုံသီးနှံ ၁၈၁၂၃၇ ဧက စိုက်ပျိုး

ကျောက်ဆည် မတ် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပဲမျိုးစုံသီးနှံ ၁၈၁၂၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးပဲမျိုးစုံ ၅၈၄၄၆ ဧကနှင့် ဆောင်းပဲမျိုးစုံ ၁၂၂၇၉၁ ဧက စိုက်ပျိုးခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻




## နမ့်စန်-မိုးနဲ-မိုင်းတုံ- မိုင်းဆတ်လမ်းပေါ်၌ သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်မှု ၄၈ ရာခိုင်နှုန်း ပြီးစီး

သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်ရေး စီမံကိန်းကို မတ် ၉ ရက်က ဝေဟင်မှ တွေ့ရစဉ်။

မိုင်းတုံ မတ် ၉

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်တို့ကို ဆက်သွယ်နိုင်ရန်အတွက် နှစ်လမ်းသွား သံပေါင်တံတားဖြစ်သည့် သံလွင်တံတားသစ်(တာဆန်း) အား တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးမှု ၄၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သံလွင်မြစ်ကိုဖြတ်သန်း၍ ယခင်မူလအရှည် ပေ ၉၀၀ ရှိသော တစ်လမ်းသွား ဘေလီကြိုးတံတားဟောင်းနှင့် ပေ ၃၀၀ အကွာ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖





ကြေးမုံ

# ဈေးကွက်နှင့်ဈေးနှုန်းတည်ငြိမ်မှန်ကန်ရေး

ဈေးကွက်စီးပွားရေးတွင် ဈေးနှုန်းယန္တရားများ တည်ငြိမ်စွာလည်ပတ်ရေးသည် အရေးပါသည်။ ဈေးနှုန်းသည် ကုန်စည်နှင့် ဝန်ဆောင်မှုလိုအပ်ချက်ကို အချက်ပြနေပြီး ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်နိုင်ခြင်း၊ မဆောင်ရွက်နိုင်ခြင်းသည် ကုန်ပစ္စည်းဈေးနှုန်းတက်ခြင်း၊ ဈေးနှုန်းကျခြင်းကိုဖြစ်စေသည်။ ကုန်စည်လိုအပ်ချက်မြင့်မားနေပါက ဈေးနှုန်းမြင့်မားပြီး အမြတ်အစွန်းအတွက် ရလိုမှုများရှိလာသည်။ ဈေးနှုန်းမြင့်မားမှုသည် ငွေကြေးဖောင်းပွမှုကိုဖြစ်စေပြီး ငွေလဲနှုန်းမတည်ငြိမ်ခြင်းစသည့်ပြဿနာများကိုဖြစ်စေသည်။

ထို့ကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို နိုင်ငံတော်က ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ အဓိကကျသော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ စက်သုံးဆီ၊ စားသုံးဆီဈေးနှုန်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စက်သုံးဆီ၊ စားသုံးဆီတို့ကို ပြည်သူများ သက်သာသောဈေးနှုန်း၊ တည်ငြိမ်သောဈေးနှုန်းများဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များက ဈေးကွက်ပေါက်ဈေး၊ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချနိုင်ရေး၊ တရားမဝင်လုပ်ဆောင်မှုများ မရှိစေရေးတို့ကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်ကာလအတွင်းက စက်သုံးဆီပြတ်လပ်မှုများဖြစ်ပေါ်စေပြီး ဈေးနှုန်းမြင့်မားလာအောင် မသမာသောဆောင်ရွက်မှုများရှိခဲ့ပြီး ပြန်လည်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သောကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိဘဲ တည်ငြိမ်မှုပြန်လည်ရရှိခဲ့သည်။ သို့သော် မသမာမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် စက်သုံးဆီ ၃ ဒသမ ၈၁၀ တန် ခန့်မှန်းတန်ဖိုး ကျပ် ၁၂ သန်းနှင့် မကွေးတိုင်းဒေသကြီးတွင် စက်သုံးဆီ ၁၀ ဒသမ ၄၆၄ တန် ခန့်မှန်းတန်ဖိုးကျပ် ၃၅ ဒသမ ၉၈၂ သန်း စုစုပေါင်း စက်သုံးဆီ ၁၄ ဒသမ ၂၇၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၄၇ ဒသမ ၉၈၂ သန်းတန်ဖိုးကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

စက်သုံးဆီအရောင်းဆိုင်များနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့စွာရောင်းချနေမှုများအား အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ စက်သုံးဆီသိုလှောင်ထားရှိမှုများနှင့် စက်သုံးဆီအရောင်းဆိုင်များအား စောင့်ကြည့်မှတ်တမ်းများ ထားရှိဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါစက်သုံးဆီနှင့် ပတ်သက်သည့်နေရာများကို စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရေးတွင် စက်သုံးဆီသိုလှောင်ကန် ရှစ်ခုနှင့် စက်သုံးဆီအရောင်းဆိုင် ၅၉၁ ဆိုင်ကို ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်သည်။

ဆီဘောက်ဆာယာဉ်များ ဖြတ်သန်းသွားလာမှုအခြေအနေကိုလည်း အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် တိုးဂိတ် ၅၂ ခု အပါအဝင် စောင့်ကြည့်မှတ်တမ်းအရေအတွက် ၅၄၂ ခု တပ်ဆင်ပြီးဖြစ်သည်။ အများပြည်သူများအနေဖြင့်လည်း အွန်လိုင်းအသုံးပြုပြီး နီးစပ်ရာစက်သုံးဆီအရောင်းဆိုင်များမှ လိုအပ်သည့်စက်သုံးဆီအမျိုးအစားနှင့်ပတ်သက်၍ ရောင်းဈေးနှုန်းကိုသိရှိပြီး လိုအပ်သလောက်ဝယ်ယူနိုင်မည့် ဆော့ဖ်ဝဲအက်ပလီကေးရှင်းတစ်ခုကို ရေးဆွဲပြီးဖြစ်၍ ယခုဖေဖော်ဝါရီလကုန်မှစပြီး ပြည်ထောင်စုနယ်မြေအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စမ်းသပ်အသုံးပြုလျက်ရှိသည်။ ဆက်လက်၍ လိုအပ်ချက်များကိုပြုပြင်ပြီး ယခုမတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် ၃၀၀ ကျော်တွင် အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စားအုန်းဆီနှင့်ပတ်သက်၍လည်း ပြည်တွင်းဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိပြီး နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်ချက်များကိုစိစစ်၍ စနစ်တကျဖြန့်ခွဲပေးလျက်ရှိသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့များက ကြပ်မတ်၍ မြို့နယ်အလိုက် သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချမှုရှိမရှိ၊ မသမာမှုများရှိမရှိ၊ ပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာရရှိနိုင်ခြင်းရှိမရှိ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အဓိကကုန်စည်များ တည်ငြိမ်မှန်ကန်မှုရှိခြင်း၊ မရှိခြင်းသည် ကုန်စည်ပစ္စည်းဈေးနှုန်းများ မြင့်မားမှု၊ ငွေကြေးဖောင်းပွမှုတို့နှင့် ဆက်စပ်လျက်ရှိသဖြင့် ပြည်သူများ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးအတွက် စက်သုံးဆီ၊ စားသုံးဆီ၊ ဆန်ကဲ့သို့ အဓိကကုန်စည်ပစ္စည်းများ ဈေးကွက်နှင့် ဈေးနှုန်း တည်ငြိမ်မှန်ကန်မှုရှိစေရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျောက်တံတားမြို့နယ်၌ စာရေးသားနည်းသင်တန်း ဖွင့်လှစ်

ကျောက်တံတား မတ် ၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လေအန်ကုန်းစာပေရပ်ဝန်းမှ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများအဖွဲ့(Book Club)တို့ပူးပေါင်း၍ စာရေးသားနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်၊ လေအန်ကုန်းစာပေရပ်ဝန်းမှ စာရေးဆရာများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် စာရေးဆရာကျော်ဇင်ဝင်း (မရမ်းကုန်း)က သင်တန်းဆိုင်ရာများကိုလည်းကောင်း၊ စာရေးဆရာမ ညွှန့်ညွှန့်(ကလော)က သင်တန်း ဖွင့်လှစ်ပေးသည့်အတွက် ဂုဏ်ပြုဝမ်းမြောက်စကားများကိုလည်းကောင်း ပြောကြားကြသည်။

အဆိုပါ စာရေးသားနည်းသင်တန်းအား စာရေးဆရာ သိခ်သူနှင့် စာရေးဆရာ နောင်အံ့လူတို့က ဝတ္ထုရေးနည်း၊ ကဗျာရေးနည်း၊ ဆောင်းပါးရေးနည်းတို့ကို မတ် ၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါနေ့နှင့် စနေနေ့တိုင်း တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် ကိုးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သဇင်(ပြန်/ဆက်)

## တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာ၌ သက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချ

တောင်ငူ မတ် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဇီးဒိုင်းကျေးရွာတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီနှင့် ဟင်္သာရွှေမြေတိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ သက်မွေးဝမ်းကျောင်းသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ဖွင့်လှစ်ပေးသည်။



အဆိုပါသင်တန်းတွင် ပဲခူးတိုင်းဒေသကြီး တောင်သူလယ်သမားအဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်သူဇာခိုင်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူလယ်သမားများအား သက်မွေးဝမ်းကျောင်းသင်တန်းတွင် ပညာရပ်သုံးမျိုးဖြစ်သည့် EM ပြုလုပ်နည်း၊ ငါးအမိုင်နို ပြုလုပ်နည်းနှင့် ကောက်ရိုးမှိုစိုက်ပျိုးနည်းတို့ကို လက်တွေ့သရုပ်ပြပို့ချပေးခြင်းနှင့် ဒေသအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအား ရွေးချယ်တင်မြှောက်



**ရန်ကုန် မတ် ၉**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ယနေ့နံနက် ၈ နာရီ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇဗက ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်းနှင့် ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့် ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဓမ္မာစရိယ အဂ္ဂမဟာအကျော် ဥဘတောဝိဘင်္ဂရေ ဘဒ္ဒန္တပညာဝံသ၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇယန္တ၊ ရခိုင်ပြည်နယ် ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စ၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသတို့က လည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တကလျာဏ၊ ကချင်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသ၊ ကရင်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာနန္ဒတို့က လည်းကောင်း ဆွေးနွေးတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပပြီး တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် အခမ်းအနားမှူးဆရာတော်က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ရွေးချယ်တင်မြှောက်ရေးအတွက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အစားထိုးရွေးချယ်မှု ကြီးကြပ်ရေးအဖွဲ့ကို နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ ဖြစ်တော်မူကြသော အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအရိယာလင်္ကာရဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသအဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသအဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပိယ အဖွဲ့ဝင်၊ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုတ အဖွဲ့ဝင်၊ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မ အဖွဲ့ဝင်နှင့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ အကျိုးတော်ဆောင်အဖြစ် ဖွဲ့စည်းထားပါကြောင်း လျှောက်ထား၍ကြီးကြပ်ရေးအဖွဲ့ထံ အခမ်းအနားကို လွှဲအပ်တော်မူသည်။

## ဥက္ကဋ္ဌရွေးချယ်ပွဲ အခမ်းအနား

ဆက်လက်၍ကြီးကြပ်ရေးအဖွဲ့က အခမ်းအနားကို လက်ခံရယူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌရွေးချယ်ပွဲ အခမ်းအနားကို ကျင်းပရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအရိယာလင်္ကာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တတေဇနိယက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည် ဖြစ်ကြောင်း ကြေညာလျှောက်ထားပြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဘဒ္ဒန္တအရိယာလင်္ကာရက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်များ ရွေးချယ်ခဲ့မှုများနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တတေဇနိယက ရှင်းလင်းလျှောက်ထားတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကို အဆိုတင်သွင်းမည့် အဆိုရှင်ကို ဖိတ်ခေါ်ရာ ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာ လင်္ကာရက လစ်လပ်လျက်ရှိသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဥက္ကဋ္ဌနေရာအတွက် ရွေးချယ်ရာတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော်သည် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည့် အစဉ်အလာအရ ပရိယတ္တိ ဝိသာရဒဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပိယဂုဏ်၊ ဂရုဂုဏ်၊ ဘာဝနီယဂုဏ်၊ ဗျတ္တပဋိဗလဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သက်တော် ၇၇ နှစ်၊ သိက္ခာတော် ၅၇ ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် တင်မြှောက်ပေးတော်မူပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုတင်သွင်းခြင်းကို ရခိုင်ပြည်နယ် စစ်တွေမြို့ ပညာမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာဝုဓက လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် ဓမ္မပါရဂူကျောင်းတိုက်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာပါလကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒလန္ဒမ်းကျေးရွာ ဒလန္ဒမ်းကျောင်းမှနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်သာသနဓဇဓမ္မာစရိယ၊ သာသနတက္ကသီလ ဓမ္မာစရိယ၊ B.A ဘဒ္ဒန္တဩဘာသက လည်းကောင်း ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ အဆိုပြုသော သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏ လက်ရှိအကျိုးတော်ဆောင် ဥက္ကဋ္ဌဗန်းမော် ဆရာတော်ကြီးနှင့် တွဲဖက်၍ အကျိုးတော်ဆောင် ဆရာတော်အဖြစ် ရှစ်နှစ်တိုင်တိုင် သံဃာ့ အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက် ပြုခဲ့သည်ကို ထောက်ဆ၍ လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လက်ရှိအကျိုးတော်ဆောင်သည် နိုင်ငံတော်အစိုးရနှင့် ဆရာဒကာလက်တွဲညီစွာ သံဃာ့အဖွဲ့အစည်းကြီး ညီညွတ်ရေးနှင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နှစ်ရှည်လများ ဆောင်ရွက်တော်မူခဲ့သည့်အပြင် မြန်မာနိုင်ငံရှိ သံဃာထုတစ်ရပ်လုံးသာမက ထေရဝါဒနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများကပါ အလေးဂရုပြုလေးစားကြည်ညိုမှုကို ခံယူရရှိတော်မူသောကြောင့် လည်းကောင်း၊ သက်တော် ၇၇နှစ်၊ သိက္ခာတော် ၅၇ ဝါရှိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ရန် ထောက်ခံကြရာ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော်က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော် ကိုယ်စား သံဃာ့ဆန္ဒရယူ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် အတည်ပြုပေးတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အတူ လက်တွဲသာသနာပြုမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့တွင် လစ်လပ်သွားသော အကျိုးတော်ဆောင် ဆရာတော်နေရာအတွက် အဆိုတင်သွင်းပေးရန် ဖိတ်ခေါ်ခဲ့ရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသအား နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်အဖြစ် အဆိုတင်သွင်းတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိဒွိကာရီတုလွတ်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ထောက်ခံတော်မူကာ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူး ဆရာတော်က ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိဆရာတော် ကိုယ်စား သံဃာ့ဆန္ဒရယူ၍ အတည်ပြုပေးတော်မူသည်။

ဆက်လက်၍ အစီအစဉ်အရ ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူး ဆရာတော်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း လျှောက်ထားတော်မူသည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဆက်လက်ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ အကျိုးတော်ဆောင် အခမ်းအနားမှူး ဆရာတော်က နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ထံ အခမ်းအနား ပြန်လည်လွှဲအပ်တော်မူ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အခမ်းအနားမှူးဆရာတော် ဘဒ္ဒန္တပညာဓဇက ပြန်လည်လက်ခံ ရယူတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် မိခင်ကြီးဒေါ်တင်ဝင်းရီကို အမှူးထား၍ (ဦးမောင်မောင်ဆွေတင်)နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင် မိသားစုနှင့် ဦးဌေးနိုင်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီ မိသားစုတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လာအိုနိုင်ငံ၌ ကျင်းပသည့် အကြိမ်(၃၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်

နေပြည်တော် မတ် ၉

အကြိမ်(၃၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို လာအိုနိုင်ငံ လွှန်ပရာဘန်မြို့၌ မတ် ၈ ရက်မှ ၉ ရက်အထိ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး အကြိုညစာစားပွဲသို့ တက်ရောက်ပြီး ယနေ့တွင် အကြိမ် (၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေ နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး ပထမပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ မျက်နှာစုံညီအစည်းအဝေးကိုပြုလုပ်ပြီး အဆိုပါအစည်းအဝေးတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေး အကြံပြုချက်များကို တင်ပြကြသည်။

အစည်းအဝေးဒုတိယပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများက (၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ရလဒ်များအရ အာဆီယံစီးပွားရေးမဏ္ဍိုင်မှ ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများ၊ ဒေသတွင်းနှင့်ကမ္ဘာ့စီးပွားရေး၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်ရမည့် နှစ်အလိုက် အေအီးစီဦးစားပေးလုပ်ငန်းစဉ်များ၊ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရေး ကိစ္စများ၊ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူစာချုပ် ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရေရှည်တည်တံ့မှုနှင့်စပ်လျဉ်း၍ အာဆီယံမှ ဆောင်ရွက်လျက်ရှိသည့် ကနဦးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုအခြေအနေနှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်းမှ မဟာဗျူဟာလုပ်ငန်းစဉ်ရေးဆွဲရေးကိစ္စများ၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များတွင် ထည့်သွင်းပြဋ္ဌာန်းလာသည့် အသစ်နှင့်ပေါ်ထွန်းဆဲကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လေ့လာမှု၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃ ဒသမ ၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကောင်အထည်ဖော်မှုတို့အပေါ် ဆွေးနွေးခြင်း၊ လမ်းညွှန်မှုပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့ပြင် အစည်းအဝေးကာလအတွင်း ဝန်ကြီးများက စည်းနှောင်မှုမရှိသည့်ပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အာဆီယံဝန်ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်ကို အတည်ပြုကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို အခြားအာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အတည်ပြုကြောင်း၊ ယင်းဦးစားပေးလုပ်ငန်းများသည် လက်ရှိအချိန်အခါနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် သက်ရောက်မှုများ၊ ဖြေရှင်းရမည့်နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (၃ ဒသမ ၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းမှုများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန်အတွက် စေ့စပ်ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အထောက်အကူပြုယူနစ် တည်ထောင်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံ၏ တန်းတူညီမျှမှု၊ အပြန်အလှန် တာဝန်ဝတ္တရားနှင့် အာဆီယံအချက်အချာကျမှု (Centrality) ကို ဆက်လက်ထိန်းသိမ်းရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ ဒေါက်တာမာလာမျိုးညွှန့်နှင့် ဘာသာရပ်ဆိုင်ရာတာဝန်ခံများ တက်ရောက်သည်။

ဝန်ကြီးများအဆင့်အစည်းအဝေးအတွက် အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၏ အကြိုညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ယင်းအစည်းအဝေးသည် ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့်စီးပွားရေး(Circular Economy)၊ကာဗွန်လျှော့ချရေး (Carbon Neutrality)၊ အပြာရောင်စီးပွားရေး(Blue Economy)၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Supply Chain) သို့ဝင်ရောက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးပေါင်းစည်းမှုကိစ္စရပ်များကို အဓိကထားဆွေးနွေးသည့်အစည်းအဝေးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ရှမ်းပြည်နယ်မှ**

နမ့်စန်-မိုးနဲ-မိုင်းတုံ- မိုင်းဆတ်လမ်း (NH-23)၊ မိုင်တိုင်အမှတ် (၁၈၄ ကီလိုမီတာနှင့် ၁၈၅ ကီလိုမီတာကြား)၌ တည်ဆောက်နေသော သံလွင်တံတားသစ်(တာဆန်း) အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၁၀ ဦးနှင့် ကာယညာဏလုပ်သား ၇၅ ဦးတို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုင်းပန်ဘက်ကမ်းနှင့် မိုင်းတုံဘက်ကမ်း တစ်ဖက်တစ်ချက်စီ၏ ကုန်းပေါ်ရှိတံတားတိုင်လုပ်ငန်းများ အလုံးစုံ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

လက်ရှိတည်ဆောက်နေသည့် အဆိုပါ သံလွင်တံတားသစ် (တာဆန်း) ၏ အရှည်မှာ ၂၆၆ ဒသမ ၈၆၁ မီတာ ရှိပြီး ပင်မတံတားအရှည် မီတာ ၂၀၀ ရှိကာ Steel Truss Bridge + R.C Bridge တံတားအမျိုးအစားဖြစ်၍ မိုင်းပန်ဘက်ကမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ ၁၁ မီတာရှိကာ မိုင်းတုံဘက်ကမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ ၅၄ ဒသမ ၈၆၁ မီတာရှိကြောင်း သိရသည်။ ယာဉ်သွားလမ်းအကျယ် ခုနစ်မီတာနှင့် ဆိုင်ကယ်လမ်းအတွက် တစ်ဖက်လျှင် အကျယ် ၁ ဒသမ ၅ မီတာစီ ပါဝင်မည်ဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ် ၈၅ ဒသမ ၆ မီတာနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၀ ဒသမ ၅ မီတာ ရှိမည်ဖြစ်၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

ယခင်မူလ ဘေလီကြိုးတံတားဟောင်းမှာ သက်တမ်းကြာမြင့်လာပြီဖြစ်ရာ တံတားခံနိုင်ဝန်အား လျော့နည်းလာသောကြောင့် တံတားပေါ်မှ တစ်ဆင့် ဖြတ်သန်းမောင်းနှင်ကြသည့်ယာဉ်များ၏ Weight Limit ကို ၁၆ တန်သာခွင့်ပြုနိုင်တော့သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် သတ်မှတ်ကုန်ချိန်များကို တင်ဆောင်သောကုန်တင်ယာဉ်များ အလွယ်တကူဖြတ်သန်းမောင်းနှင်နိုင်ကြစေရန် တံတားခံနိုင်ဝန် ၆၀ တန်ရှိသော နှစ်လမ်းသွား သံလွင်တံတားသစ် (တာဆန်း) အား တည်ဆောက်နေခြင်းဖြစ်ကြောင်း တံတားအထူးအဖွဲ့(၄)မှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်က စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သော အဆိုပါ သံလွင်တံတားသစ်(တာဆန်း) တည်ဆောက်ပြီးစီးပြီဆိုပါက တာချီလိတ်မြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ သွားရောက်မည်ဆိုပါက ကျိုင်းတုံမြို့ထိ သွားရောက်စရာမလိုတော့ဘဲ သံလွင်တံတားသစ် (တာဆန်း) မှတစ်ဆင့် ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ရာ တောင်ကြီးမြို့သို့ အချိန်တိုအတွင်း ရောက်ရှိနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် မိုင်းတုံ-



ပုံပါကျင်လမ်းရှိ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တောင်ကြီးမြို့သို့ ကုန်သွယ်မှုလမ်းကြောင်းတစ်ခု တိုးလာနိုင်မည်ဖြစ်ရာ နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးတစ်ခု ထပ်မံထွက်ပေါ်လာနိုင်စရာရှိသောကြောင့် ကုန်ပစ္စည်းများလျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ- စိုးမြင့်အောင်**

✻ **ရှေ့ဖုံးမှ**

ထိုသို့ ပဲသီးနှံများစိုက်ပျိုးရာတွင် ပဲတီစိမ်းသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၁၈၃၁၁ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၀၄၅၉ ဧက၊ မြစ်သားမြို့နယ်၌ ၁၉၄၅၁ ဧက၊ ပဲစင်းငုံသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၈၆၇ ဧက၊ စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် မြစ်သားမြို့နယ်၌ ၆၈၅ ဧက၊ ကုလားပဲသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၂၈၄၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်၌ ၃၃၆၁၂ ဧက၊ ထောပတ်ပဲများကို ကျောက်ဆည်မြို့နယ်၌ ဧက ၉၈၀၊ စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် မြစ်သားမြို့နယ်၌ ဧက ၁၆၀၊ ပဲကြီးသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၁၁၉၅ ဧက၊ စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် မြစ်သားမြို့နယ်၌ ဧက ၂၄၀၊ ပဲကျားသီးနှံများကို ကျောက်ဆည်မြို့နယ်၌ ၈၂၉ ဧက၊ စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် မြစ်သားမြို့နယ်၌ ၃၃၁ ဧက၊ ပဲယဉ်းသီးနှံများကို ကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်၌ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် မြစ်သားမြို့နယ်၌ ၅၁၈ ဧက၊ အခြားပဲများ အနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၂၈၃၀၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၀၁၃၇ ဧက၊ မြစ်သားမြို့နယ်၌ ဧက ၁၀၄၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**ရွေးချယ်စိုက်ပျိုး**

ကျောက်ဆည်ခရိုင်တွင် ပဲသီးနှံမျိုးစုံစိုက်ပျိုးရာ၌ မြေအနေအထား၊ ရေရရှိမှုနှင့် ရာသီဥတုအပေါ် မူတည်၍ စိုက်နည်းအမျိုးမျိုးဖြင့် စိုက်ပျိုးကြကြောင်းနှင့် ပဲစိုက်တောင်သူများ ပိုးမွှားကင်းစင်ပြီး ပဲအထွက်နှုန်း ကောင်းမွန်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးများ ရွေးချယ်စိုက်ပျိုးစေခြင်း အပြင် စိုက်ပျိုးနည်းစနစ်များ ပါ စနစ်တကျ ကူညီပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၌ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းပို့ချနေမှု၊ ပြည်ပသွားရောက်မည့် သင်တန်းတက်ရောက်ပြီး အလုပ်သမားများအား OWIC ကတ်ထုတ်ပေးနေမှု၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ POEA မှ ကိုရီးယားသို့ EPS စနစ်ဖြင့် အလုပ်သမားများ စေလွှတ်မှုအခြေအနေနှင့် EPS စာမေးပွဲအတွက် ပြင်ဆင်နေမှုများ၊ သင်တန်းကျောင်းဝင်းအတွင်း ပြုပြင်မွမ်းမံမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးခဲ့ပြီး ယခုသင်တန်းကျောင်းတွင် ယခင်ကတည်းက အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်၍ သင်တန်းပို့ချမှုများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချရန်လိုအပ်ကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးလုပ်ငန်း အစီအစဉ်အတွက် အထောက်အကူပြုပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သော ရွှေ့ပြောင်းအလုပ်သမားများအတွက် Technical Level ဖြင့် သွားရောက်နိုင်ရေး အဆင့်မြင့်သင်တန်းများ ပို့ချရန်လိုကြောင်း၊ သင်တန်းခန်းများ သုံးစွဲရာတွင် စနစ်တကျနှင့် ပျက်စီးမှုမရှိစေရေး၊ သင်တန်းကျောင်းလုံခြုံရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ကြရေးနှင့် လျှပ်စစ်ပစ္စည်းများသုံးစွဲရာတွင် စနစ်တကျသုံးစွဲကြရေး မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသော စက်ချုပ်သင်တန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) အတွင်း တိုးချဲ့ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးရုံကြီးတွင် အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဝန်ဆောင်မှုပေးနေမှုနှင့် အလုပ်သမားဆေးရုံကြီး (ရန်ကုန်) ၌ Ward အားလုံးဖွင့်လှစ်နိုင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံရှိ ဆရာဝန်၊ သူနာပြုများအား တွေ့ဆုံ၍ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားကာ ဆေးရုံပရဝဏ်၊ သူနာပြုနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ္တဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းအင်အားပြည့်လည်ပတ်ရန် လိုအပ်ချက်ကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ဆေးရုံရှိတာဝန်ရှိသူများအနေဖြင့် စေတနာထား၍ အားထည့်ဆောင်ရွက်ပေးစေလိုကြောင်း၊ လူနာကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ သက်တမ်းလွန်/လေလွင့်ဆေးများမဖြစ်စေရန် စီမံခြင်း၊ ဆေးရုံလုံခြုံရေး အလေးထားဆောင်ရွက်ကြရန်၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာရှင်များဖြစ်သည့်အတွက် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်နှင့် မိမိလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် ဌာနတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်၊ တစ်လလျှင် ကျောက်ကပ်ဆေးလူနာ ၅၀ မှ ၁၀၀ အထိ စက်တိုးချဲ့တပ်ဆင်ပြီး ဆေးကြောကုသပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ယခုထက်ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးနိုင်ရန် မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်

ပေါင် မတ် ၉

၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် နှစ် (၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၃-၂၀၂၄ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ် (မြောက်) ကျေးရွာအုပ်စု စက်မှုလယ်ယာမြေစနစ်ကျလယ်ယာမြေစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးတို့က နှစ် (၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး စက်မှုလယ်ယာဦးစီးဌာန အောက်မြန်မာပြည်လယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ စီမံကိန်းတာဝန်ခံက စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ဖော်ထုတ်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပေါင်မြို့နယ် ရင်းငြိမ် (မြောက်) ကျေးရွာအုပ်စုရှိ ဖော်ထုတ်ပြီး စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား တောင်သူများသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က တောင်သူများအား ရွှေဇီဝသဘာဝမြေဩဇာများနှင့် သစ်စိမ်းမြေဩဇာပိုက်ဆံလျှော် မျိုးစေ့များ ထောက်ပံ့ပေးအပ်ကြပြီး ဒေသခံတောင်သူများ၏ တင်ပြတောင်းခံမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးပြီး ဖော်ထုတ်ထားသော စနစ်ကျလယ်ယာမြေ ၁၅၄ ဒသမ ၁၇ ဧကအား မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

## မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

မှော်ဘီ မတ် ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးခန့်ဇော်နှင့်တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာသို့ မတ် ၉ ရက်က သွားရောက်ကာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ကြည့်ရှုစစ်ဆေးရာတွင် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ထိန်စွန်းကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက်ထိန်စွန်းကျေးရွာချင်းဆက် လမ်းပေါ်ရှိ ဂျိုးဖြူ ခုံးကျော်တံတားအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်မည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျေးရွာတွင်းလမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသော သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

## ရွှေပညာဒါန(အခမဲ့)သင်တန်း၌ ကျောက်မျက်ပညာများသင်ကြားပို့ချ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက (၃၁)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) အသိပညာပေး ရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ်(၁၂)အား မတ် ၁ ရက်မှ ၁၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄၅၀) ပထမထပ် ရွှေဘုံသာအောက်လမ်း ပန်းဘဲတန်းမြို့နယ်၌ အခမဲ့ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။



အဆိုပါ သင်တန်းတွင် မောင်မောင်ဆန်းကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်မှ ဦးမောင်မောင်ဆန်းနှင့် ကျောက်မျက်ပညာရှင် ဦးတော်မီသိန်းတို့က အခမဲ့သင်ကြားပေးခဲ့ပြီး ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက သင်တန်းဆရာများကို ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# တပို့တွဲလ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလကို အကြောင်းပြု၍ ပေါ်ပေါက်လာကြသည့် စာအလင်္ကာများအနက်- ဤထမနဲထိုးတေးထပ်သည် မှတ်ဖွယ်မှတ်ရာဖြစ်ပေသည်။

**ကုမ်ရာသီမာသ သဘာဝရှင်စွာ၊ ထာဝရစဉ်လာ များသူငါခြိမ့်သဲ၊ ညာဇမ္ဗူ သာခုခေါ်အောင် ယာဂုတော်ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ လေးပြည်သာထည့်မြဲ၊ ချိန်ပိဿာ လျှံကြည်ရွှဲအောင်လို့ နှမ်းဆီလည်းထည့်ပြန်၊ မြေပဲဆန် အဋ္ဌသုညငယ်နှင့် ဒွတ္တိံသ တိလဗီဇံ၊ အုန်းသီးစိတ် ကျပ်ဝီသံငယ် လောဏတံချိန်သတ်နှင့်၊ ချင်း(ဂျင်း) နုဖတ်သိင်္ဂီမျှင်ရွှေ သုံးကျပ်မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ် ဥပဒေမော်ကွန်းပလေး…။ ။**

ဤတေးထပ်ကိုရေးစပ်သူ စာဆိုမှာ ပါဠိဘာသာကျွမ်းကျင်သူဖြစ်ရာ၏။ ယခုခေတ် အများမသိနိုင်ပေ။ အဓိပ္ပာယ်မှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆန် ၈၀ သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ သား၊ ဆား ခုနစ်ကျပ်သား၊ ချင်း(ဂျင်း) စိမ်း ၃၀ သားတို့ကို ဒယ်အိုးတွင် နှံ့အောင်မွှေ၍ နယ်ရသည်၊ ထမနဲထိုးရသည်ဟု ဆိုလိုပေသည်။

မြန်မာ့အစားအစာအချို့သည် အစာလည်းဆေး ဆေးလည်းအစာဆိုသကဲ့သို့ သဘာဝရာသီဥတုနှင့်ကိုက်ညီစွာ ပြုလုပ်ထားသော မုန့်ပဲသရေစာ အစားအစာများရှိရာ ဤထမနဲ အစားအစာသည် ကုမ်ရာသီ တပို့တွဲနှင့် ကိုက်ညီသော အစာအာဟာရဖြစ်ပေသည်။

တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလကား အလွန်အေးမြ၍ လူတို့တွင် အဆီခြောက်ခန်းသောကာလ ဖြစ်ပေသည်။ ထိုအခါ ဆီနိုင်နိုင်ရှိသော အပူစာ ထမနဲကို စားသုံးပါက အသားအရည်စိုပြည်၍ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝဓမ္မဆေးကျမ်း၊ ဩဠာရိကသုခုမဆေးကျမ်း စသည်တို့တွင် နှီးနွှယ်ဖွင့်ဆိုထားသည်များကို တွေ့ရပေသည်။

ယခင် တပို့တွဲလ ဆောင်းပါးတွင် ယာဂုအမျိုးအစားများကို တိပိဋကအဘိဓာန်အဖွင့်နှင့် အမြွက်မျှ ရှင်းခဲ့ပေပြီ။ မီးဖုံးပွဲနှင့် ယာဂုပွဲသည် တပို့တွဲလ ချမ်းအေးမြသောကာလကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ မြန်မာ့ရာသီဥတုကို အကြောင်းပြု၍ ဆေးကျမ်းများက ယာဂု(ဝါ)ထမနဲသည် ဆီလျော်သော ကိုက်ညီသော အာဟာရဖြစ်ကြောင်းကို လင်းပါးဖွယ်မရှိ ထုတ်ဖော်ကြ၏။ ဤထမနဲထိုးနည်း တေးထပ်မှာ အသုံးချနည်းစနစ်ဆိုင်ရာ သုတစာပေဖြစ်ပါ၏။ လက်တွေ့အသုံးချ၍ စားသုံးနိုင်ပါ၏။

ဘာသာရေးစာပေအနေဖြင့်မူ- တစ်ခါသော် ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန်းတော်များနှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ထိုဒေသမှ လူတို့သည် ဆန်၊ ဆီ၊ ဆား စသော လှူဖွယ်ဝတ္ထုတို့ကိုလှည်းဖြင့်ဆောင်ယူလာကြကာ ဆွမ်းဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြကုန်၏။

ထိုစဉ် ပုဏ္ဏားတစ်ဦးသည် အလားတူ ဆွမ်းကပ်လှူဒါန်းလိုသော်လည်း သူ့အလှည့်သို့မကျနိုင်ဖြစ်လေသည်။ အရှင်အာနန္ဒာကို ချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်လျှောက်ထားရာ ပုဏ္ဏားဆန္ဒကို ဗုဒ္ဓဘုရားရှင်က ခွင့်ပြုလက်ခံတော်မူကြောင်းကို ဝိနည်းပိဋကမဟာဝါပါဠိတော်၌ လာပေသည်။

လုံးတော်ဆရာတော်၏ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်းတွင် အခါတစ်ပါး ဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရ၍ အရှင်အာနန္ဒာအား ယာဂုဆွမ်းခံချေဟု မိန့်တော်မူ၍ မာတုဂါမတစ်ဦးထံ အလှူခံရာ ချင်း(ဂျင်း)စိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကိုကပ်သဖြင့် လေနာငြိမ်းသည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။

ဆိုလိုသည်မှာ ယာဂုသည် ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန် စသည်တို့ပါသော ဆန်ပြုတ်တစ်မျိုးဖြစ်သည်။ ရေကျဲကျဲဆန်ပြုတ်မှသည် ရေနည်းနည်းဖြင့်တွဲကာ ယနေ့ခေတ် ထမနဲအထိသည် ယာဂုတွင် အကျုံးဝင်ပေသည်။ ထို့ကြောင့် ကုန်းဘောင်ဆက် ရာဇဝင်ကြီး၌ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြို့တော်လေးပြင်လေးရပ် တရုတ်၊ ကုလား မျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ယောက် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်ကျိုသည်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရပေသည်။

ထမနဲ(ဝါ)ထမင်းနဲ့ဟူသော ဝေါဟာရသည်(ကောက်ညှင်း)ထမင်းကို နှဲခြင်းဟူသော အသုံးအနှုန်းမှ ဖြစ်ပေါ်လာပေသည်။ အချို့ကလည်း နှမ်းကိုကဲ၍ ထည့်ခြင်းကြောင့် နှမ်းမနဲဟုခေါ်ကြောင်း ဆိုကြ၏။ ပညတ်သာခြား ဓာတ်မပြားပင် ဖြစ်ပေသည်။

မြန်မာ့ရိုးရာအရ ထမနဲပွဲများကို မြန်မာပြည်အနှံ့ ဘာသာရေးအသင်းအဖွဲ့များ၊ အစိုးရဌာနဆိုင်ရာများ အခြားသော အသင်းအဖွဲ့များသည် အစဉ်အဆက် ကျင်းပလာခဲ့ကြလေသည်။ ရွှေတိဂုံစေတီတော်တွင် ကျင်းပသော ထမနဲပွဲသည် နှစ်ပေါင်းရာချီ၍ ရှိခဲ့ပေပြီ။ ယခင်က ရွှေတိဂုံစေတီတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အသင်းအဖွဲ့များကဦးစီး၍ ကျင်းပခဲ့ကြသည်။ နောင်သော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပလာရာ ယခုနှစ်ဆိုလျှင် (၁၆) ကြိမ်မြောက်ရှိပေပြီ။ ဝန်ထမ်းအားလုံး တပျော်တပါးရှိကြကာ စည်ကားလှပေသည်။ ဌာနများအလိုက် ထမနဲထိုးကြရာ ပ၊ ဒု၊ တ နှင့် နှစ်သိမ့်ဆုရကြသည့် အဖွဲ့များကို ဂေါပကအဖွဲ့က ဆုချီးမြှင့်လေသည်။

တပို့တွဲလ၏ အခြားပွဲတော်မှာ မီးဖုံးပွဲနှင့် ဩဝါဒပါတိမောက်အခါတော်နေ့ ဖြစ်ပေသည်။ ဤသည်ကိုလည်း ရှေးစာဆိုကြီးများက ရေးဖွဲ့ခဲ့ကြသည်။

**“တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလကား အလွန်အေးမြ၍ လူတို့တွင် အဆီခြောက်ခန်းသော ကာလဖြစ်ပေသည်။ ထိုအခါ ဆီနိုင်နိုင်ရှိသော အပူစာ ထမနဲကို စားသုံးပါက အသားအရည်စိုပြည်၍ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝဓမ္မဆေးကျမ်း၊ ဩဠာရိကသုခုမဆေးကျမ်း စသည်တို့တွင် နှီးနွှယ်ဖွင့်ဆိုထား”**

**သာစွလေ-နေလည်းချမ်းမြ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထက်ဝန်းလည်း၊ ဆူးပန်း၊ လဲ၊ ပေါက်၊ ဝင်းဝင်းတောက်လျက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာဃယှဉ်မှီ၊ ကုံရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမူ၊ မဖွဲမိုးလေ၊ သုံးလူ့ဆွေလျက်၊ လေးထွေအင်စုံ၊ ကြိုက်ကြုံအဟုတ်၊ ပါတိမုတ်ကို၊ ဖော်ထုတ်စိစစ်၊ ပြမြဲဖြစ်၍၊ ရပ်ရှစ်မျက်နှာ၊ သံဃာတို့အား၊ ဆယ်ပါးဝတ္ထု၊ ယာဂု,အဖျော်၊ ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်၊ လှူကြီးရင်သည်၊ ရောက်ချင်နိဗ္ဗာန်ကျွန်းတည့်လေး..၊ ပွင့်လင်းစည်သည်..ရွှေပြည်ရွှေဝ နန်းတည့်လေး…။ ။**

ဤစာမှာ ဆည်သည်ရွာစား ဦးအောင်ကြီး၏ **လူးတား** စာအလင်္ကာဖြစ်ပေသည်။ တပို့တွဲလ နက္ခတ်တာရာဆိုင်ရာနှင့် ရာသီပန်းမန်များ၊ ဩဝါဒပါတိမောက်ပြမှု၊ မီးဖုံးပွဲနှင့် ယာဂုထမနဲပွဲကို ပေါ်လွင်အောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ အသိခက်ခဲသော ဝေါဟာရ အသုံးအနှုန်းများ မပါရှိပေ။

အောက်ပါစာမှာမူ အင်းဝခေတ် နာမည်ကျော် ရှင်ဥတ္တမကျော်၏ “လ”ကိုးလုံးအချဖြင့် ထင်ရှားခဲ့သော **တောလားကိုးပိုဒ်**ထဲမှ တပို့တွဲလ၏ သဘာဝပတ်ဝန်းကျင်ကို ရေးဖွဲ့ထားသောစာပေဖြစ်ပေသည်။

**…ကုမ်တြင်းသိဟ်၊ နဝင်းအိမ်မှာ၊ ရွှေချိန်တာရာ၊ သံကောက်မာနှင့်၊ ရတနာစုံ၊ စန်းနီတုံလည်း၊ ဘုံဝေရမ္ဘာ၊ ယုဂန်ဝက၊ ပပထွန်းလျှံ၊ တည့်မွှန်းမှန်သော်၊ ရေလျှံသမုဒ်၊ ပုဇွန်တုပ်လည်း၊ လှိုင်းပုတ်မခံ၊ ကျောက်နန်းစံခဲ့…။ ။**

ဤတောလားစာအလင်္ကာတွင် နေ၊ လ၊ နက္ခတ်တာရာ၊ ရာသီစက်(သိဟ်ရာသီ) နဝင်းစက်၊ ဒီရေအတက်အကျ၊ နက္ခတ်တာရာပုံသဏ္ဌာန်၊ ရေနေ၊ကုန်းနေ သတ္တဝါတို့၏သဘာဝအလေ့အထ၊ တောတောင်ရေမြေ ပန်းမန် စသည်တို့ကို ရေးဖွဲ့ထားသော အကြောင်းအရာထဲမှ တစ်ပိုဒ်မျှဖြစ်ပေသည်။ အသိရခက်သည်။ နက်နဲသည်။ သိမ်မွေ့သည်။

“လ”ကိုးလုံးချ တောလားမှာ မြန်မာစာ မြန်မာမှုကို လေးလေးနက်နက်သိပါမှ ရေးရေးပေါ်နိုင်သော စာအလင်္ကာဖြစ်ပါသည်။ ရှေးစာဆိုကြီးများသည် လရာသီအဖွဲ့များကို ထီးသုံး၊ နန်းသုံး၊ ပညာရှင်သုံး ရေးဖွဲ့ခဲ့ကြသလို အရပ်သုံး၊ ဇာတ်သုံး၊ ကျေးလက်စကားဖြင့်လည်း ရေးဖွဲ့ခဲ့ကြသည်များ ရှိပေသည်။ အောက်တွင်ဖော်ပြသည့် ဆောင်းဘွဲ့နှင့် တပို့တွဲလဘွဲ့မှာ အများနားလည်သော လွမ်းချင်း စာအလင်္ကာများ ဖြစ်ပါသည်။

တပို့တွဲနှင့် ထမနဲပွဲသည် ဆက်စပ်မှုရှိသလို မီးဖုံးပွဲနှင့် ချမ်းအေးသောကာလကို အကြောင်းပြု ဆက်စပ်သော စာအလင်္ကာများသည်လည်း ပေါ်ပေါက်လာပေသည်။ ထိုစာအလင်္ကာများအနက် လွမ်းချင်း (ခေါ်) လွှင့်သံစာပေသည် ပို၍များသလို ပို၍ စာသားများပြောင်မြောက်ကြသည်ဟု ဆိုချင်ပါသည်။ ချမ်းအေးသောအခါ ချစ်သူ ခင်သူ မြတ်နိုးသူ မရှိသူများအတွက် လွမ်းစရာဖြစ်ထွေကို ရေးဖွဲ့ကြရာ ကွမ်းရေတော်ကိုင် မောင်မောင်တိုး ရေးစပ်သည့် ဆောင်းဘွဲ့တေးထပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**မစုံသူ ပန်းရှာရအောင်လို့ ဆန်းကာလ ရွှေညာဏ်…ချမ်းပါ…သဇာ/သရှင့်…ဟေမန်ဝယ်… လေပြန် လှုံ့ဆော်ခဲ့၊ ဆွေတင်တင့် ပွေအင်ကြုံသည်၊ ရွှေရင်အုံ အေးလှချေ့ငဲ့။ တရေးမျှ မေးစက်မပျော်နိုင်၊ နွေးဖက်နော်ပြုဘဲ့…ထွေးဖက်တော်မူလှဲ့ပ သူဇာဘွဲ့ နန်းငုံ၊ နှစ်သွယ်ပြိုင် ခိုင်ဖြူစွ… ဆိုင်သူက ဝေးတဲ့ခါကြုံ… လှိုင်ကြူကြွ ဂန္ဓာရုံမှာ… ပန်းညှာငုံ ပွေစိတ်နှင့်၊ ရွှေဖိတ်ညွှန့်နန်း သုံးကမ္ဘလာ လွှမ်းခြုံမှသာ၊ လုံနိုင်ဘူး ကေမှူးညှာမှာ… ရွှေဖူးစာကံနဲလို့လေး…။ ။**

ဟု ရေးဖွဲ့ထားလေသည်။ ဤတေးထပ်ကို အလင်္ကာကျော်စွာ ရွာစားကြီး စိန်ဘမောင်၏ အတီးနှင့် ဆိုင်းနောက်ထ ဦးစပယ်ရှယ်၊ အဆိုတော်ကြီး ခင်ခင်ညွန့်တို့ ဆိုထားချက်မှာ အလွန်ရသမြောက်လှရာ ဆောင်းဘွဲ့ စာအလင်္ကာရသ ရေးဖွဲ့ခဲ့သော စာဆို ကွမ်းရေတော်ကိုင် မောင်မောင်တိုးတို့ကိုပါ လေးစားဦးညွှတ်ရပါ၏။ ဆရာမြဝင်း(ဒသဃန) ကမူ ထိုတေးထပ် ဆောင်းဘွဲ့စာအလင်္ကာကို ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် ထိထိခိုက်ခိုက် ခံစားရသည့် စာပေဂီတအလင်္ကာဖြစ်ကြောင်း ဂုဏ်ပြုညွှန်းဆိုထားသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ လွမ်းချင်းများသည် ယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိကြောင်း ဆရာမြဝင်း(ဒသဃန)၏အာဘော်ကို ခြေရာခံသောအခါ မြန်မာစာပေတွင် လွမ်းချင်း(ခေါ်)လွှင့်သံ ရေးစပ်ခဲ့သော စာဆိုများကို သတိထားမိပြန်ပါသည်။ မဟာအတုလမင်းကြီး(ရာသီဘွဲ့များ)၊ ဦးသာ၊ ဦးကြင်ဥ၊ ဖိုးသူတော်ဦးမင်း၊ စလေဦးပုည၊ လှိုင်ထိပ်ခေါင်တင်၊ ဦးကြော့၊ ဝေါမှူးကြီးဦးခြံ၊ အချုပ်တန်းဆရာဖေ၊ သာဝတ္ထိဦးကြီး၊ ဦးဆောင်း၊ ဝန်စာရေးဦးကြီး၊ ဆတိုင်မှူတ်ဦးကူး၊ ဖိုးဝဇီရ၊ မြို့စာရေးဦးဘာ၊ မော်လမြိုင်ဆရာယော၊ ဝန်စာရေး ဦးရွှေတောင်၊ ဦးဘိုးအို၊ ဆရာမွှန်း၊ ဦးထူး စသည်ဖြင့် စာဆိုပုဂ္ဂိုလ်များကို တွေ့ရလေသည်။

လွမ်းချင်းစာဆိုပုဂ္ဂိုလ်များအနက် ဆယ့်နှစ်လရာသီဘွဲ့ ရေးစပ်သော မဟာအတုလမင်းကြီးနှင့် လှိုင်ထိပ်ခေါင်တင်တို့မှာ ပို၍ထင်ရှားလှပါ၏။

လွမ်းချင်းသဘောမှာ တောတောင်ရေမြေ၊ ရာသီဥတု သဘာဝပတ်ဝန်းကျင်ကို အခြေခံဖွဲ့ဆိုသော အကြောင်းအရာဖြစ်ရမည်။ အပိုဒ်နှစ်ပိုဒ် ပါရမည်။ နှစ်ပိုဒ်လုံးတွင် “လေး…” စကားလုံးဖြင့် ဆုံးရမည်။

လွမ်းဆွတ်သံဖြင့် တမ်းတည့်ည်းဟစ်၍ (လွှင့်၍) ဆိုရမည်။ ထို့ကြောင့် လွမ်းချင်းဟုခေါ်ကြောင်း ဗေလုဝဆရာတင်က ဂီတာလင်္ကာရဒီပနီတွင် ဖွင့်ဆိုထားလေသည်။ ဖော်ပြမည့် လွမ်းချင်းမှာ မဟာအတုလမင်းကြီး၏ တပို့တွဲလလွမ်းချင်း ဖြစ်ပါသည်။

**ညံလို့သာ သဲတော့တယ်…. ပေါက်လဲငယ်ဖွင့်ရုံ၊ ထိန်ထိန်ငယ် လျှံသည်…ဆက်ရက်သံစာစာနှင့် ငှက်ညီလာ ကျင်းတဲ့လကိုလေး…။**

**ကုမ်ဟေမန်ငယ်…၊ ဆင်ကြန်သွင်းမြဲ၊ တပို့တွဲမို့ မင်းပွဲရှင်ပျော်၊ ယာဂုတော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့သာယင်တော့တယ်… ကောင်းကင်မြင့် တိမ်ဆီမှာ၊ ကြယ်မာဃီ ရောင်စုံကျင်းလို့ လင်းလှတယ်လေး…။**

ဤလွမ်းချင်းတွင် စာဆိုမယ်ခွေ၏ ဆယ့်နှစ်လရာသီဖွဲ့ အဲချင်းများမှာကဲ့သို့ အသိခက်သော၊ လျှို့ဝှက်သော၊ ပဟေဠိဆန်သော စကားအသုံးဝေါဟာရ ပေါရာဏစသည်များ မပါဝင်ပေ။ ရိုးရိုးပင် ရေးဖွဲ့ထားရာ ရိုးဂုဏ်၊ ပွင့်လင်းဂုဏ်၊ အရပ်စကား၊ ကျေးလက်စကားသံများဖြင့် မွမ်းထုံ၍ ရာသီကုမ် တပို့တွဲကို ဖော်ပြထားပေသည်။

လွမ်းချင်း (ခေါ်) လွှင့်သံများမှာ အခြားသော ပျို့၊ ရတု၊ ရကန်၊ ဧချင်း၊ အဲချင်း၊ မော်ကွန်း စသည်တို့ကဲ့သို့ များများစားစား မရှိလှပေ။ ကျေးလက်သဘာဝကို အခြေခံသော အရပ်သားအမြင်ကို ရေးဖွဲ့သော အကြောင်းအရာက များပေသည်။

ဤသို့သော လွမ်းချင်း(ခေါ်)လွှင့်သံ ကဗျာစုများကို ဆရာကြီး ဦးအောင်သောင်း (မြန်မာစာပါမောက္ခ-ငြိမ်း) က စုစည်း၍ ရေးသားဖော်ပြထားလေသည်။ ဆရာကြီး၏စာအုပ် ပရိကံစကားနှင့် လွမ်းချင်းကဗျာများ နိဒါန်းမှာ သုတေသနစာတမ်းတစ်စောင်ကို ဖတ်မှတ်ရသကဲ့သို့ ရှိပါ၏။ ထိုစာအုပ်ထဲမှ တပို့တွဲလလွမ်းချင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

ထိုစာအုပ်ကို ကိုရွှေသိမ်းမင်းက ပန်းရွှေပြည် ရှေးကဗျာစု-၅ ဟု ထုတ်ဝေသည်။ ထိုကဲ့သို့သော ရှေးစာပေများကို ထိန်းသိမ်းနိုင်ကြပါစေ။ ဖြန့်ဝေနိုင်ကြပါစေ။ သုတ-ရသ ခံစားနိုင်ကြပါစေဟု ဆန္ဒပြုနိဂုံးချုပ်ပါ၏။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေလာအုပ်စု ရွာသစ်ကျေးရွာအနီး ရုံးပင်ချောင်း အေလာယာယီ ရေထိန်းဆည်မှ လျှပ်စစ်ရေတင်စနစ်ဖြင့် နွေနှမ်းသီးနှံဧက ၂၂၀ အတွက် စိုက်ပျိုးရေစတင်ပေးဝေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လျှပ်စစ်ရေတင်စက်အား စက်ခလုတ်နှိပ်၍ ရေစတင်ပေးဝေပြီး ယာယီရေထိန်းဆည်တည်ဆောက်ထားမှု အခြေအနေနှင့် ယာယီရေထိန်းဆည်မှ စိုက်ပျိုးရေးအတွက် ရေပေးဝေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွာသစ်ကျေးရွာ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီတော် ဓမ္မာရုံ၌ ဆီထွက်သီးနှံ နွေနှမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ မြေကို စနစ်တကျပြုပြင်သုံးစွဲရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ စိုက်နည်းစနစ်များ မှန်ကန်စွာအသုံးပြုရေးတို့ကို အလေးထားဆောင်ရွက်ရန်၊ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် သီးနှံများ အထွက်နှုန်းတိုးတက်ရေးအတွက် သီးထပ်စိုက်ပျိုးမှုများ တိုးချဲ့စိုက်ပျိုးကြရန် ဆွေးနွေးမှာကြား၍ တောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များသည် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို ဆင်းရတနာ-၃ နှမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အခြေခံပညာ အထက်တန်းကျောင်း အေလာစာစစ်ဌာနသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု ကံသာကျေးရွာရှိ ဆုစံမြန်မာအားဖြည့် သဘာဝ ဩဂဲနစ်မြေဩဇာ ကုန်ထုတ်သမဝါယမအသင်းသို့ သွားရောက်၍ သဘာဝမြေဩဇာထုတ်လုပ်နေမှုအခြေအနေများနှင့် GAP စနစ်ဖြင့် သရက်စိုက်ပျိုးထားရှိမှုကိုကြည့်ရှုအားပေးကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု သရက်ခုံကျေးရွာ ချောင်းမငယ်ဆည်ရေသောက် ကွင်းအမှတ် (၁၈၂၃)၌ နွေနှမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် အလေးထားဆောင်ရွက်ကြရန်မှာကြားကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို ဆင်းရတနာ-၃ နှမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် နွေရာသီသင်တန်း၊ ပုံနှိပ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စာဆိုဗိမာန်တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုခန်းမ၌ ကျင်းပသော ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးနည်း သင်တန်းနှင့် အခြေခံပုံတူပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဒုတိယဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူထုအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား ကျောင်းသူများအား ဗလငါးတန်ပြည့်ဝရေးအတွက် သင်တန်းများဖွင့်လှစ်မှုကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်အသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် မိဘပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံ့အင်အားများဖြစ်သည့် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များဖြစ်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး ပြည်သူများအကြား စိုးရိမ်ပူပန်မှုများဖြစ်စေရန် ကောလာဟလနှင့် မဟုတ်မမှန် ထုတ်လွှင့်ရေးသားဖော်ပြနေကြသည်များကို သတိထားဆင်ခြင်ကြရန် လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို သေချာလေ့လာပြီး နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာတွင်လည်း ဆောင်ရွက်နေကြကြောင်း၊ လိုအပ်ချက်အရ ပြဋ္ဌာန်းဆောင်ရွက်ရခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် လိုအပ်သလောက်ကိုသာ စစ်မှုထမ်းရန်နှင့် လတ်တလောအမျိုးသမီးများအား စစ်မှုထမ်းရန် ခေါ်ယူမည့် အစီအစဉ်မရှိသေးကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ၏ ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် စီမံဆောင်ရွက်လျက်ရှိသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည့် အခြေအနေများနှင့် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးနည်း သင်တန်းတွင် လောကနတ်ဗီဒီယိုထုတ်လုပ်ရေးမှ ဒါရိုက်တာ ဦးအေးမင်းအဖွဲ့က လေ့ကျင့်သင်ကြားပြသပြီး မြို့နယ်ဌာနဆိုင်ရာများမှ သင်တန်းသား ၂၉ ဦး တက်ရောက်လျက်ရှိသည်။ အခြေခံပုံတူရေးဆွဲနည်းသင်တန်းတွင် မြို့နယ်ပန်းချီပန်းပုအစည်းအရုံး အတွင်းရေးမှူး ဦးရူပါအဖွဲ့က သင်ကြားပေးပြီး ကျောင်းသား ကျောင်းသူ ၃၀ တက်ရောက်ကြကာ အဆိုပါသင်တန်းများကို မတ် ၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ပြီးစီး၍ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ ချုပ်လုပ်ထုပ်ပိုးခြင်းများ အပြီးသတ်ဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာများမှအပ်နှံသော ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ ကုန်ကြမ်းများ အလေအလွင့်မရှိစေရေး၊ စက်များကြံ့ခိုင်ရေး ဆောင်ရွက်ရာတွင် စနစ်တကျစစ်ဆေးပြီး အမှားအယွင်းမရှိအောင် ဆောင်ရွက်ရေး၊ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများအား သတိပြုကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဗဟိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး နိုင်ငံတော်ပြန်တမ်းများ ပုံနှိပ်ချုပ်လုပ်နေမှု၊ ဌာနဆိုင်ရာများမှအပ်နှံသော ပုံနှိပ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကုန်ကြမ်းပစ္စည်းများထားသိုမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ စာဆိုဗိမာန်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကြိုတင်စီစဉ်ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။

ထို့နောက် စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ စာအုပ်ဝယ်ယူသူများ၏ဆန္ဒကို အတတ်နိုင်ဆုံးပြည့်ဝအောင် ဝန်ဆောင်မှုကောင်းများဖြင့် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရေးဖွင့်သည့် မှုခင်းများမှတ်တမ်း DATA BASE SYSTEM ရေးသွင်းမှုသင်တန်း အမှတ်စဉ်(၂/၂၀၂၄)သင်တန်းဖွင့်



**ကျိုင်းတုံ မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယရဲတပ်ဖွဲ့(ကျိုင်းတုံ)မှ ကြီးမှူးဖွင့်လှစ်သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရေးဖွင့်သည့် မှုခင်းများမှတ်တမ်း DATA BASE SYSTEM ရေးသွင်းမှုသင်တန်း အမှတ်စဉ်(၂/၂၀၂၄)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးနိုင်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းမှ ရဲတပ်ဖွဲ့ဝင် အရာရှိနှင့် အခြားအဆင့် စုစုပေါင်း ၄၅ ဦးတက်ရောက်ပြီး မတ် ၉ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပွင့်လန်းစေမည့် ငှက်ပျောချည် တန်ဖိုးမြှင့်ထုတ်ကုန်သင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီမြို့နယ် ညောင်နှစ်ပင် အထူးစိုက်ပျိုးမွေးမြူရေးဇုန်(၂)ရှိ ရတနာရွှေမိုးစိုက်ပျိုးရေးဥယျာဉ်၌ ဖွင့်လှစ်သည့် ငှက်ပျောချည်မှ တန်ဖိုးမြှင့်ထုတ်ကုန်သင်တန်းအား သွားရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငှက်ပျောချည်မှထုတ်လုပ်သော တန်ဖိုးမြှင့်ထုတ်ကုန်များကို လိုက်လံကြည့်ရှုပြီး သင်တန်းသားများနှင့် တွေ့ဆုံကာ နိုင်ငံတော်အနေဖြင့် ပြည်တွင်းထုတ်ကုန်များကို သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်နိုင်ရန် အားပေးကူညီလျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အပံ့ဖြစ်စေပြီး တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်မှုမြင့်မားလာပါက ရန်ကုန်မြို့၏ စည်ကားရာနေရာများနှင့် နိုင်ငံခြားသားလည်ပတ်မှုများသော နေရာတို့တွင် ပြသရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အများစိတ်ဝင်စားသော ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဈေးကွက်၏ သဘောသဘာဝကို သိရှိပြီး မိမိထုတ်ကုန်ကို နည်းမှန်လမ်းမှန်ထုတ်လုပ်ချပြနိုင်ရန်လိုကြောင်း ပြောကြား၍ သင်တန်းသားများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယခုဖွင့်လှစ်သောသင်တန်းကို ငှက်ပျောပင်မှ စွန့်ပစ်ပစ္စည်းများကိုအခြေခံ၍ လက်မှုစီးပွားလုပ်ကိုင်လိုသူများ၊ ငှက်ပျောစိုက်တောင်သူများနှင့် အမျိုးသမီးများ အိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် စီးပွားရေးအခွင့်အလမ်းသစ်များ ရရှိစေရန်၊ မြန်မာ့လက်မှုပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တန်ဖိုးထားတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်း၌ ငှက်ပျောပင်မှချည်ထုတ်ခြင်း၊ ငှက်ပျောစက္ကူထုတ်ခြင်း၊ ဖိနပ်၊ ဖျာ၊ အိတ်မျိုးစုံနှင့် ဦးထုပ်မျိုးစုံ ထုတ်လုပ်ခြင်းတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ မတ် ၉ ရက်မှ ၁၇ ရက်အထိ Green Banana Myanmar Group မှ သင်ကြားပေးသွားမည်ဖြစ်ရာ အခြေခံသင်တန်းပြီးဆုံးပါက အဆင့်မြင့်သင်တန်းဖြစ်သော ငှက်ပျောချည်ဖြင့် ရက်ကန်းရက်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်း၊ ချည်ထုတ်ယူခြင်း၊ ပိတ်စထုတ်ခြင်း၊ ပဝါထုတ်ယူခြင်းစသည့် နည်းပညာရပ်များကိုလည်း ၁၅ ရက်တာ လေ့ကျင့်သင်ကြားပေးသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ငှက်ပျောစိုက်ဧက သိန်းချီစိုက်ပျိုးလျက်ရှိပြီး ငှက်ပျောချည်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပ လိုအပ်မှုနှင့်အညီ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်မှ အားပေးကူညီလျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့်အပြင် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များစွာ ပွင့်လန်းလာမည်ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် ငှက်ပျောလျှော်မှ အသံအလုံခန်းတွင်အသုံးပြုသည့်စက္ကူ၊ ရေစိုခံစက္ကူနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ထုတ်လုပ်အသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံမှ ငှက်ပျောချည် ထုတ်လုပ်သူများကလည်း တီထွင်ကြံဆမှုနှင့်အတူ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းထုတ်လုပ်နိုင်ရန် စိတ်အားထက်သန်လျက် ပြည်ပပို့ကုန်နှင့် ပြည်တွင်းဖြစ်ကို အားပေးထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများစွာလည်း စောင့်ကြိုလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – သီဟ

# ဒုတိယဝန်ကြီးများ နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်လှမွန်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝန်ထမ်းအိမ်ရာများ၌ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများနှင့်အညီ နေထိုင်မှု ရှိ/ မရှိ၊ တရားမဝင်သူများနေထိုင်မှု ရှိ/ မရှိ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။



## မှာကြား

ဦးစွာ ဒုတိယဝန်ကြီးများသည် ဓနသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နှင့် သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ပြီး အိမ်ရာကြီးကြပ်သူ တာဝန်ခံဝန်ထမ်းများနှင့်တွေ့ဆုံ၍ အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေး ပုံမှန်ပြုလုပ်သွားရန်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း တိကျစွာလိုက်နာ နေထိုင်ရန် မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရန်၊ အိမ်ရာများတွင် မသက်ဆိုင်သူများ လာရောက်နေထိုင်ခြင်းမရှိစေရန်၊ ဧည့်စာရင်း မပျက်မကွက် တိုင်ကြားရန်၊ အခက်အခဲများရှိပါက အိမ်ရာကြီးကြပ်သူများမှ တစ်ဆင့် တင်ပြ ဆောင်ရွက်သွားကြရန်နှင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ ရေ၊ မီး ရရှိမှု၊ အခန်းအလိုက် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် မိသားစုများ၏ ကျန်းမာရေး အခြေအနေတို့ကို မေးမြန်း ကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

ဇေယျာသီရိ မတ် ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ (၂၇)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးလိုအပ်သော စက်ကိရိယာများအကြောင်းခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ဆွေးနွေးသည်။

## မေးမြန်းဆွေးနွေး

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးကျော်စိုးနှင့် ဦးနိုင်ဦးတို့က စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး လိုအပ်သောစက်ကိရိယာအကြောင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်နှင့် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများသိသင့်သည်များအား ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြပြီး တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းက တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို တက်ရောက်လာသည့်တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)



# ကျိုက်ထိုမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



ကျိုက်ထို မတ် ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းကို ယနေ့နံနက် ၉ နာရီက ပြည်သူ့ဈေး၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ရုတ်တရက်မီးလောင်မှုဖြစ်ပွားလျှင် အရေးပေါ်ထားရှိသည့် မီးသတ်ဆေးဘူး၊ ပေါင်ဒါမှုန့်နှင့် ရေစိုအဝတ် အသုံးပြုနည်းတို့ကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းများကို ဆောင်ရွက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မတ် ၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ ကျင်းပ

ပဲခူး မတ် ၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများက တစ်ဦးချင်း ဂါရဝပြုမိတ်ဆက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်း၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တိုင်းဒေသကြီးအားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ထိုက်တန်ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာရေးနှင့် သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရိုသေလိုက်နာမှု စသည့်အခြေခံကောင်းများ အစွမ်းကုန်ဖော်ထုတ်ရင်း အနိုင်ရရှိရေးအတွက် ကြိုးပမ်းယှဉ်ပြိုင်သွားကြရမည် ဖြစ်ကြောင်း၊ အားကစားကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်ရာတွင် လူငယ်/လူရွယ်များ အားကစားလုပ်ငန်းများတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တန်ဖိုးရှိသော စွမ်းရည်ထက်မြက်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးအသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ပေးအပ်သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘောလုံးအသင်းအုပ်ချုပ်သူက ပြိုင်ပွဲဝင်အားကစားသမားများ ရွေးချယ်မှု၊ စခန်းသွင်းလေ့ကျင့်မှုအခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အားကစားနည်းအလိုက် ချီးမြှင့်ဂုဏ်ပြု ထောက်ပံ့ပေးမှုများအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ချီးမြှင့်ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

နေပြည်တော် မတ် ၉

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက် ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာ အတူတကွ ပါဝင်သီဆိုကြသည်။

ထိုကဲ့သို့ လာရောက် သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများအား နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မိတ္ထီလာအကျဉ်းထောင်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်

မိတ္ထီလာ မတ် ၉

မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနသည် မြို့နယ်အတွင်း မီးဘေးလုံခြုံရေး၊ မီးသတိမူရေးနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းစေရေးတို့အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက မိတ္ထီလာ အကျဉ်းထောင်၌မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များက ဝန်ထမ်းနေအိမ်လိုင်းခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် မီးငြိမ်းသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မိတ္ထီလာ အကျဉ်းထောင် တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဘောနီနှင့် ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်မီးသတ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၉

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မတ် ၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်ပနေနိုင်ငံခြားသားများထံပေးချေငွေအပေါ် ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းခြင်းအကြောင်း

အခွန်ဝန်ထမ်းတစ်ဦး

**ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (Withholding Tax– WT) ဆိုသည်မှာ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ကျသင့်အခွန်ကို သတ်မှတ်ထားသည့်အခွန်နှုန်းထားဖြင့် တွက်ချက်နုတ်ယူ၍ သက်ဆိုင်ရာအခွန်ရုံးသို့ လွှဲပြောင်းပေးသွင်းရသည့်ဝင်ငွေခွန်သာဖြစ်ပါသည်။**

**ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းစေသည့်စနစ်**သည် အခွန်ထမ်းပြည်သူများအတွက် မိမိပေးဆောင်ရမည့်အခွန်တာဝန်ကို အခွန်နုတ်ယူပေးသွင်းသူ (Tax Agent) က ကိုယ်စားဆောင်ရွက်ပေးခြင်းဖြစ်သဖြင့် အခွန်ပေးဆောင်ခြင်းလုပ်ငန်းစဉ်ကို လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း၊ အချိန်နှင့် လုပ်အားကုန်ကျမှုသက်သာစေခြင်း၊ အခွန်ပေးဆောင်မှုအတွက် လိုက်နာဆောင်ရွက်မှုစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။ အလားတူပင် အစိုးရတစ်ရပ်အနေဖြင့်လည်း အခွန်အခြေ (Tax Base) ကို ထိရောက်စွာချဲ့ထွင်နိုင်ခြင်း၊ အခွန်ထမ်းများ၏ အခွန်ဆိုင်ရာလိုက်နာဆောင်ရွက်မှုကို မြင့်မားစေခြင်း၊ အခွန်စီမံခန့်ခွဲမှုစရိတ်ကို သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။ ထိုကဲ့သို့ အခွန်ထမ်းနှင့် အစိုးရနှစ်ဦးနှစ်ဖက်လုံး အကျိုးရှိစေခြင်းကြောင့် ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းစေသည့်စနစ်ကို နိုင်ငံတကာ၌ တွင်ကျယ်စွာအသုံးပြုလေ့ရှိကြပြီး အလားတူပင် မြန်မာနိုင်ငံ၌လည်း အသုံးပြုလျက်ရှိပါသည်။

**မြန်မာနိုင်ငံတွင် ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းသည့်စနစ်ကျင့်သုံးခြင်း**

မြန်မာနိုင်ငံတွင် ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းစေသည့်စနစ်ကို ၁၉၉၂–၁၉၉၃ ဘဏ္ဍာရေးနှစ်၌ စတင်မိတ်ဆက်ကျင့်သုံးခဲ့ပါသည်။ စတင်ကျင့်သုံးဆောင်ရွက်စဉ်က ၁၉၇၄ ခုနှစ်၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂၅ ထုတ်ပြန်၍ ကောက်ခံခဲ့ခြင်းဖြစ်ပြီး ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းရမည့် ဝင်ငွေအမျိုးအစားသတ်မှတ်ချက်များ၊ အခွန်နှုန်းထားများကို ခေတ်ကာလနှင့်လျော်ညီအောင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်ခဲ့ရပါသည်။ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်နှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် တည်ဆဲအမိန့်ကြော်ငြာစာများအနက် ဤဆောင်းပါးတွင် စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ပါ သတ်မှတ်ချက်များကိုသာ ဖော်ပြမည်ဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ပါ သတ်မှတ်ချက်များ**

တည်ဆဲအမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ကို ၁၈–၆–၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါအမိန့်ကြော်ငြာစာသည် ၁–၇–၂၀၁၈ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ခဲ့ပါသည်။ ယင်းအမိန့်ကြော်ငြာစာတွင် အခွန်ဖြတ်တောက်နုတ်ယူခြင်းခံရမည့် ပုဂ္ဂိုလ်အမျိုးအစားများ၊ ပင်ရင်းမှအခွန်နုတ်ယူရန် သတ်မှတ်ထားသည့် ပေးချေငွေ (ဝင်ငွေ) အမျိုးအစားများ၊ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် ချုပ်ဆိုထားသည့်နိုင်ငံများမှ အခွန်နုတ်ယူခံရမည့် ပြည်ပနေနိုင်ငံခြားသားများနှင့်ပတ်သက်သည့် သတ်မှတ်ချက်များ၊ နုတ်ယူရမည့်အခွန်နှုန်းထားများ စသည်ဖြင့်အသေးစိတ်သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် အခွန်နုတ်ယူခံရမည့်ပုဂ္ဂိုလ်များအား ပြည်တွင်းနေနိုင်ငံသား၊ ပြည်တွင်းနေနိုင်ငံခြားသားနှင့် ပြည်ပနေနိုင်ငံခြားသားဟူ၍ အုပ်စု (၃) စု ခွဲခြားသတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံနှင့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်ချုပ်ဆိုထားသည့် နိုင်ငံတစ်ခုခု၏ ပြည်တွင်းနေဖြစ်ကြောင်း သက်ဆိုင်ရာနိုင်ငံ၏ သက်သေခံလက်မှတ်တင်ပြလာလျှင် နုတ်ယူပေးသွင်းရမည့်ငွေကို သက်ဆိုင်ရာ DTA စာချုပ်ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း နုတ်ယူပေးသွင်းရန် သတ်မှတ်ထားပါသည်။ ပင်ရင်းမှ အခွန်နုတ်ယူရမည့်ပေးချေငွေ (ဝင်ငွေ) အမျိုးအစားများကိုလည်း (၃) မျိုး ခွဲခြားသတ်မှတ်ထားပြီး ၎င်းတို့မှာ–

(က) အတိုးပေးငွေအတွက် ပေးချေငွေ၊

( ခ ) လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက်ပေးချေငွေ၊

(ဂ) နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့အတွက် ပေးချေငွေဟူ၍ဖြစ်ပါသည်။

နုတ်ယူရမည့် အခွန်နှုန်းထားသတ်မှတ်ချက်များမှာ ပေးချေငွေအမျိုးအစား၊ အခွန်နုတ်ယူခံရမည့်ပုဂ္ဂိုလ်အမျိုးအစား၊ ငွေပေးချေမည့်ပုဂ္ဂိုလ်အမျိုးအစားများအပေါ်မူတည်၍ ခွဲခြားသတ်မှတ်ထားခြင်းဖြစ်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ အရ အခွန်နှုန်းထားသတ်မှတ်ချက်များ**

အတိုးပေးငွေအတွက် ပေးချေငွေဖြစ်ပါက ပြည်ပနေနိုင်ငံခြားသားထံ ပေးချေငွေအပေါ်တွင်သာ ၁၅ ရာခိုင်နှုန်းနုတ်ယူရန်သတ်မှတ်ပြီး ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်ပါက နုတ်ယူရန်မလိုအပ်ကြောင်း သတ်မှတ်ထားပါသည်။ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေဖြစ်ပါက ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း နုတ်ယူရန် သတ်မှတ်ထားပါသည်။

နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့အတွက် ပေးချေငွေအမျိုးအစားတွင်မူ အစိုးရဌာန/ အဖွဲ့အစည်းများမှ ငွေထုတ်ပေးသူဖြစ်ပါက ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် နှစ်ရာခိုင်နှုန်း၊ ပြည်ပနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် ၂ ဒသမ ၅ ရာခိုင်နှုန်းနုတ်ယူရန် သတ်မှတ်ထားပါသည်။ လုပ်ငန်းအပ်နှံသည့်စာချုပ်အရ ဆောင်ရွက်ရသည့်လုပ်ငန်းတွင် ပြည်ပမှပစ္စည်းတင်သွင်းဆောင်ရွက်ရသည့်ကိစ္စပါဝင်ခဲ့ပါက အကောက်ခွန်ဦးစီးဌာနတွင် ပေးဆောင်ခဲ့ရသည့် သွင်းကုန်အပေါ် ဝင်ငွေခွန် နှစ်ရာခိုင်နှုန်းကို ခုနှိမ်ခွင့်ပြု၍ အခွန်နုတ်ယူပေးသွင်းစေခြင်းဖြစ်ပါသည်။

နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများအပါအဝင် အခြားပုဂ္ဂိုလ်စုများမှ ငွေထုတ်ပေးသူဖြစ်ခဲ့ပါက ပြည်ပနေနိုင်ငံခြားသားထံ ပေးချေခြင်းအတွက်ကိုသာ ပေးချေငွေအပေါ် ၂ ဒသမ ၅ ရာခိုင်နှုန်းနုတ်ယူရန် သတ်မှတ်ထားပါသည်။ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းအတွက် နုတ်ယူရန်မလိုကြောင်း သတ်မှတ်ထားပါသည်။ ဤပေးချေငွေအမျိုးအစားနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းများအား ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများအပေါ်တွင်ပါ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်နုတ်ယူစေခဲ့ပါက ပစ္စည်းဝယ်ယူသူတိုင်း၊ ဝန်ဆောင်မှုရယူသူတိုင်းကို အခွန်နုတ်ယူရမည်ဖြစ်သည့်အတွက် လုပ်ငန်းရှင်များအပေါ် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ဝန်ပိစေသည့်အပြင် နိုင်ငံတကာတွင်လည်း ကျင့်သုံးမှုမရှိခြင်းကြောင့် ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားများထံ ပေးချေငွေအပေါ် အခွန်မနုတ်ယူရန် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဤပေးချေငွေအမျိုးအစားနှင့်ပတ်သက်၍ ပြည်ပနေနိုင်ငံခြားသားများထံ ပေးချေငွေအပေါ် အခွန်နုတ်ယူရာတွင်လည်း နိုင်ငံတော်အတွင်းဖြစ်ထွန်းပေါ်ပေါက်သော ဝင်ငွေအပေါ်တွင်သာ အခွန်နုတ်ယူရမည်ဖြစ်ပါသည်။ အဆိုပါဖော်ပြချက်အတွက် ပိုမိုရှင်းလင်းမှုရှိစေရန် ဒီဇိုင်းရေးဆွဲပေးရန် လုပ်ငန်းအပ်နှံသည့်ကိစ္စနှင့် ရုံးခန်းအသစ်တည်ဆောက်ပေးရန် လုပ်ငန်းအပ်နှံသည့်ကိစ္စတို့အား နမူနာထား၍ တင်ပြပါမည်။ ပြည်တွင်းကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံနှင့် DTA မချုပ်ဆိုထားသည့်နိုင်ငံမှ နိုင်ငံခြားကုမ္ပဏီတစ်ခုထံ မြန်မာနိုင်ငံတွင် ကုမ္ပဏီရုံးခန်းအသစ်တည်ဆောက်ရေးအတွက် ဒီဇိုင်းရေးဆွဲပေးရန် လုပ်ငန်းအပ်နှံသည့်ကိစ္စမျိုးဖြစ်ပါက ပြည်တွင်း၌ဝန်ဆောင်မှုရယူခြင်းဖြစ်သည့်အတွက် စာချုပ်တန်ဖိုးအပေါ် အခွန် ၂ ဒသမ ၅ ရာခိုင်နှုန်းနုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

အကယ်၍ မြန်မာနိုင်ငံနှင့် DTA မချုပ်ဆိုထားသည့်နိုင်ငံမှ **ဆောက်လုပ်ရေးကုမ္ပဏီ**တစ်ခုထံ ရုံးခန်းအသစ်တည်ဆောက်ပေးရန် လုပ်ငန်းအပ်နှံသည့်ကိစ္စရပ်ဖြစ်ပါက တည်ဆောက်ရေးပစ္စည်းများဝယ်ယူခြင်းသည် ပြည်ပ၌ဝယ်ယူခြင်းသာဖြစ်သည့်အတွက် တည်ဆဲအမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ အရ **ပြည်ပမှပစ္စည်းဝယ်ယူခြင်းအပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်အား ဖြတ်တောက်နုတ်ယူရန် မလိုအပ်ပါသဖြင့်** ဝန်ဆောင်မှုအတွက် ကျသင့်မည့်တန်ဖိုးအပေါ်တွင်သာ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းသဘောတူစာချုပ်တွင် ကုန်ပစ္စည်းတန်ဖိုးနှင့် ဝန်ဆောင်ခတန်ဖိုး ခွဲခြားဖော်ပြထားခြင်းမရှိခဲ့ပါက သက်ဆိုင်သည့်ကုမ္ပဏီကို ပမာဏခွဲခြားသတ်မှတ်စေပြီး ကုမ္ပဏီအနေဖြင့် ခွဲခြားသတ်မှတ်နိုင်ခြင်းမရှိခဲ့ပါက ဝန်ဆောင်ခတန်ဖိုးကို နိုင်ငံတကာအခွန်စနစ်များ၏ ကောင်းမွန်သောအလေ့အထများနှင့်အညီ စိစစ်သတ်မှတ်ကာ ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းစေလျက်ရှိပါသည်။

> **“အတိုးပေးငွေအတွက် ပေးချေငွေဖြစ်ပါက ပြည်ပနေနိုင်ငံခြားသားထံ ပေးချေငွေအပေါ်တွင်သာ ၁၅ ရာခိုင်နှုန်းနုတ်ယူရန်သတ်မှတ်ပြီး ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်ပါက နုတ်ယူရန်မလိုအပ်ကြောင်း သတ်မှတ်ထားပါသည်။ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေဖြစ်ပါက ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားထံ ပေးချေခြင်းဖြစ်လျှင် ပေးချေငွေအပေါ် ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း နုတ်ယူရန် သတ်မှတ်ထား”**

**အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်ဆိုသည်မှာ**

တည်ဆဲအမိန့်ကြော်ငြာစာတွင် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်ချုပ်ဆိုထားသည့်နိုင်ငံမှ နိုင်ငံခြားသားများထံပေးချေငွေအပေါ် အခွန်နုတ်ယူပေးသွင်းခြင်းအကြောင်းကို ထည့်သွင်းပြဋ္ဌာန်းထားသဖြင့် **(Double Taxation Agreement – DTA)** ဟု အများပြည်သူသိကြသည့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်အကြောင်းကိုလည်း အများပြည်သူ ဗဟုသုတဖြစ်စေရန်အလို့ငှာ အနည်းငယ်တင်ပြလိုပါသည်။ အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးသဘောတူစာချုပ်ဆိုသည်မှာ တူညီသည့် လူပုဂ္ဂိုလ်တစ်ဦးတည်း သို့မဟုတ် ကုမ္ပဏီပုဂ္ဂိုလ်စုတစ်ခုတည်း၏ ဖြစ်ထွန်းပေါ်ပေါက်သော/ ရရှိသောတူညီသည့်ဝင်ငွေအပေါ် ဝင်ငွေခွန် နှစ်ခါမကျသင့်စေရန်နှင့် နိုင်ငံဖြတ်ကျော်ဆောင်ရွက်ကြသည့် လုပ်ငန်းများ၊ ဆောင်ရွက်ချက်များမှ ရရှိသည့်ဝင်ငွေများကို အခွန်တိမ်းရှောင်ခြင်းမှ ကာကွယ်တားဆီးရေးအလို့ငှာ အခွင့်ရအာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် အခွန်ဆိုင်ရာသဘောတူစာချုပ်ကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

DTA စာချုပ်များကို သဘောတူစာချုပ်နယ်ပယ်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အခွန်ကောက်ခံသည့် ဝင်ငွေအမျိုးအစားခေါင်းစဉ်များ၊ အခွန်နှစ်ထပ်မကျသင့်စေရန် နည်းလမ်းများ၊ အထူးပြဋ္ဌာန်းချက်များနှင့် နိဂုံးချုပ်ပြဋ္ဌာန်းချက်များဟူ၍ အပိုင်း (၆) ပိုင်းဖြင့် ဖွဲ့စည်းထားပါသည်။ **အခွန်ကောက်ခံသည့် ဝင်ငွေအမျိုးအစားခေါင်းစဉ်များ** ဟူသည့်အပိုင်းတွင် မည်သည့်ဝင်ငွေများအပေါ် စာချုပ်ဝင်နိုင်ငံ (Resident State) က ကောက်ခံရမည်၊ မည်သည့်ဝင်ငွေများအပေါ် အခြားစာချုပ်ဝင်နိုင်ငံ (Source State) က ကောက်ခံရမည်၊ မည်သည့်ဝင်ငွေအမျိုးအစားများဖြစ်ပါက နိုင်ငံနှစ်နိုင်ငံအကြား မည်ကဲ့သို့ အခွန်ခွဲဝေကောက်ခံကြမည်ဟူသည့်

**စာမျက်နှာ ၁၁ သို့** ❐

❒ စာမျက်နှာ ၁၀ မှ

အချက်များကို ပြဋ္ဌာန်းသတ်မှတ်ထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် DTA စာချုပ် ချုပ်ဆိုထားသည့်နိုင်ငံ ရှစ်နိုင်ငံရှိပြီး ၎င်းတို့မှာ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုဒီမိုကရက်တစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြပါသည်။ အဆိုပါ ရှစ်နိုင်ငံကို မြန်မာနိုင်ငံ၏ အခြားစာချုပ်ဝင်နိုင်ငံများဟု သတ်မှတ်ရပါသည်။ နိုင်ငံအလိုက်ချုပ်ဆိုထားသည့် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ်များကို အများပြည်သူ လေ့လာနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ဝက်ဘ်ဆိုက် www.ird.gov.mm တွင် မြန်မာ/ အင်္ဂလိပ်နှစ်ဘာသာဖြင့် လွှင့်တင်ပေးထားပါသည်။

**အခွန်နုတ်ယူပေးသွင်းမည့်သူက လိုက်နာဆောင်ရွက်ရန်**

အခွန်နုတ်ယူမည့်သူအနေဖြင့် ပေးချေငွေအမျိုးအစားသတ်မှတ်ခြင်း၊ အခွန်နုတ်ယူခံရမည့်ပုဂ္ဂိုလ်အမျိုးအစား သတ်မှတ်ခြင်း၊ သတ်မှတ်အခွန်နှုန်းထားဖြင့် အခွန်နုတ်ယူခြင်း၊ နုတ်ယူထားသည့် အခွန်ကို ဝင်ငွေခွန်စည်းမျဉ်းများ၊ စည်းမျဉ်း ၁၄ ပါ ပြဋ္ဌာန်းသတ်မှတ်ချက်နှင့်အညီ နုတ်ယူထားသည့်နေ့မှ (၁၅) ရက်အတွင်း သက်ဆိုင်ရာ အခွန်ရုံးထံ ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အခွန်နုတ်ယူထားသူအနေဖြင့် နုတ်ယူထားသည့်အခွန်ကို သတ်မှတ်ရက်အတွင်းပေးသွင်းရန် အခက်အခဲရှိခဲ့ပါကလည်း အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄ အရ အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးစေလိုကြောင်း သက်ဆိုင်ရာအခွန်ရုံးထံ လျှောက်ထားနိုင်သည့်အခွင့်အရေးရှိပါသည်။

နုတ်ယူရမည့်အခွန်နှုန်းထား သတ်မှတ်ရာ၌ အခွန်နုတ်ယူခံရမည့် ပုဂ္ဂိုလ်သည် ပြည်တွင်းနေနိုင်ငံသားဖြစ်ခဲ့ပါက တည်ဆဲအမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ပါ သတ်မှတ်နှုန်းထားများနှင့်အညီ သတ်မှတ်၍ နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။ အခွန်နုတ်ယူခံရမည့်ပုဂ္ဂိုလ်သည် နိုင်ငံခြားသားဖြစ်မည်ဆိုပါက **ပထမအဆင့်**အနေဖြင့် ယင်းနိုင်ငံခြားသားသည် ပြည်ပနေ (သို့မဟုတ်) ပြည်တွင်းနေဖြစ်ကြောင်းကို တည်ဆဲဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဋ) နှင့် (ဌ) တို့ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ ခွဲခြားစိစစ်ရမည်ဖြစ်ပါသည်။ စိစစ်မှုအရ ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ကြောင်း တွေ့ရှိရပါက တည်ဆဲအမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ပါ သတ်မှတ်နှုန်းထားများနှင့်အညီ အခွန်ကို နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။ အကယ်၍ ပြည်ပနေနိုင်ငံခြားသားဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက **ဒုတိယအဆင့်**အနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ် ၁/၂၀၂၂ နှင့်အညီ သက်ဆိုင်ရာအခွန်ရုံးထံ အထောက်အထားများတင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ တင်ပြသည့်အထောက်အထားများအရ သက်ဆိုင်ရာအခွန်ရုံးက စိစစ်၍ နုတ်ယူရမည့်အခွန်နှုန်းထားကို အတည်ပြုပြန်ကြားပေးမည်ဖြစ်ပြီး အခွန်နုတ်ယူမည့်သူအနေဖြင့် ယင်းအတည်ပြုသည့် အခွန်နှုန်းထားအတိုင်း အခွန်ကိုနုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

**ပြည်ပနေနိုင်ငံခြားသားထံမှ နုတ်ယူရမည့်အခွန်နှုန်း သတ်မှတ်ပြန်ကြားသည့်လုပ်ငန်းစဉ်**

အခွန်နုတ်ယူမည့်သူက လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ် ၁/၂၀၂၂ နှင့်အညီ သက်ဆိုင်ရာအခွန်ရုံးထံ အထောက်အထားများတင်ပြလာပါက သက်ဆိုင်ရာအခွန်ရုံးများအနေဖြင့် အောက်ပါလုပ်ငန်းစဉ်များအတိုင်း စိစစ်ဆောင်ရွက်လျက်ရှိပါသည်-

(က) **ပထမအဆင့်** အခွန်နုတ်ယူခံရမည့် ပြည်ပနေနိုင်ငံခြားသား၏ လုပ်ငန်းတည်ရှိရာနိုင်ငံသည် မြန်မာနိုင်ငံနှင့် DTA ချုပ်ဆိုထားသည့်နိုင်ငံ ရှစ်နိုင်ငံတွင် ပါဝင်မှုရှိ/မရှိ စိစစ်ခြင်း၊ (မြန်မာနိုင်ငံနှင့် DTA ချုပ်ဆိုထားသည့်နိုင်ငံများတွင် ပါဝင်မှုမရှိပါက အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၈ ပါ အခွန်နှုန်းထားများနှင့်အညီ အခွန်နုတ်ယူရန် အတည်ပြုပြန်ကြားရပါသည်။)

(ခ) ပြည်ပနေနိုင်ငံခြားသား၏ လုပ်ငန်းတည်ရှိရာနိုင်ငံသည် မြန်မာနိုင်ငံနှင့် DTA ချုပ်ဆိုထားသည့်နိုင်ငံများတွင် ပါဝင်ကြောင်း စိစစ်တွေ့ရှိရပါက **ဒုတိယအဆင့်**အနေဖြင့် ပေးချေငွေအမျိုးအစားအား စိစစ်ခြင်း၊ (ပေးချေငွေအမျိုးအစား စိစစ်နိုင်ရန်အတွက် အခွန်နုတ်ယူခံရမည့် ပြည်ပနေနိုင်ငံခြားသားအား သတ်မှတ်ပုံစံဖြင့် DTA အကျိုးခံစားခွင့်ကို တောင်းခံစေရပါသည်။ DTA အကျိုးခံစားခွင့်တောင်းခံမှုကို စိစစ်ချက်အရ ပေးချေငွေအမျိုးအစားသည် အတိုးပေးငွေ (Interest) အတွက် ပေးချေငွေ (သို့မဟုတ်) လိုင်စင် (License)၊ ကုန်အမှတ်တံဆိပ် (Trademark)၊ မူပိုင်အခွင့်အရေး(Patent Right) စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေအမျိုးအစားများဖြစ်ပါက သက်ဆိုင်ရာ DTA စာချုပ်ပါသတ်မှတ်အခွန်နှုန်းထားဖြင့် အခွန်နုတ်ယူရန် အတည်ပြုပြန်ကြားရပါသည်။)

(ဂ) အပိုဒ်(ခ)ပါပေးချေငွေအမျိုးအစားများတွင် ပါဝင်ခြင်းမရှိပါက **တတိယအဆင့်**အနေဖြင့် အခွန်နုတ်ယူခံရမည့် ပြည်ပနေနိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် အမြဲတမ်းလုပ်ငန်းတည်နေရာ (သို့မဟုတ်) အမြဲတမ်းစီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့်နေရာ စသည်တို့နှင့်ဆက်စပ်နေခြင်း ရှိ/ မရှိ၊ ဆောင်ရွက်သည့်စီးပွားရေးလုပ်ငန်း (Business) ၏ သဘောသဘာဝ စသည်တို့ကို သက်ဆိုင်ရာ DTA စာချုပ်၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာန အခန်းပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ဆိုင်စိစစ်ခြင်း။ (ယင်းသို့ စိစစ်ပြီးနောက် အခွန်ကောက်ခံပိုင်ခွင့်ရှိသောဝင်ငွေအဖြစ် သတ်မှတ်နိုင်ခြင်း ရှိ/ မရှိ ဆုံးဖြတ်ခြင်း၊ အခွန်နှုန်းထား အတည်ပြုပြန်ကြားခြင်းတို့ကို ဆောင်ရွက်ရပါသည်။)

**အခွန်နုတ်ယူပေးသွင်းမည့်သူများ သတိပြုရမည့်အချက်များ**

ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းရန် တာဝန်ရှိသူအနေဖြင့် အခွန်ကိုနုတ်ယူပေးသွင်းခြင်းမပြုလုပ်ခဲ့ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ(ဂ)အရ မနုတ်ယူခဲ့သည့် အခွန်နှင့်ပတ်သက်၍ ပျက်ကွက်သူအဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်ပြီး မနုတ်ယူခဲ့သည့် အခွန်ကိုလည်း ပေးသွင်းရန်တာဝန်ရှိမည်ဖြစ်ပါသည်။ အခွန်နုတ်ယူထားသော်လည်း နုတ်ယူထားသည့်အခွန်ကို သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးထံ ပေးသွင်းရန်ပျက်ကွက်ခဲ့ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရန်ပျက်ကွက်သည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နောက်ကျပေးဆောင်ခြင်းအတွက် ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

ဆိုလိုသည်မှာ အခွန်နုတ်ယူပေးသွင်းရန် တာဝန်ရှိသူအနေဖြင့် နုတ်ယူရန်တာဝန်ရှိသည့်အခွန်ကို လုံးဝမနုတ်ယူခဲ့သည့်ကိစ္စတွင် မနုတ်ယူခဲ့သည့်အခွန်ပမာဏကို တာဝန်ယူပေးဆောင်ရမည်ဖြစ်ပြီး အခွန်နုတ်ယူထားပြီး သတ်မှတ်ရက်အတွင်း မပေးသွင်းခဲ့သည့်ကိစ္စဖြစ်ပါက အခွန်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

**ပင်ရင်းမှအခွန်နုတ်ယူပေးသွင်းစေသည့်စနစ်**သည် အခွန်ရုံးနှင့် လုပ်ငန်းရှင်တို့ ဟန်ချက်ညီညီဖြင့် ပူးပေါင်းဆောင်ရွက်ရသည့်စနစ်တစ်ခုဖြစ်ပါသည်။ ယင်းစနစ်တွင် ငွေထုတ်ပေးရန်တာဝန်ရှိသူသည် အခွန်ရုံးများ၏ကိုယ်စားလှယ် (Tax Agent) အဖြစ် အခွန်ကောက်ခံသည့်တာဝန်ကို လွှဲပြောင်းထမ်းဆောင်ပေးရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေထုတ်ပေးရန်တာဝန်ရှိသူများအပါအဝင် ပင်ရင်းမှ အခွန်နုတ်ယူပေးသွင်းစေသည့်စနစ်နှင့် သက်ဆိုင်သူများအနေဖြင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန်နှင့်ပတ်သက်သည့် အမိန့်ကြော်ငြာစာများ၊ အခွန်ဥပဒေ၊ စည်းမျဉ်းများ၊ လိုက်နာကျင့်သုံးရန် သတ်မှတ်ချက်များ၊ DTA စာချုပ်ပါသတ်မှတ်ချက်များ၊ နိုင်ငံတကာကကျင့်သုံးသည့် အလေ့အကျင့်များ (International Practices) အကြောင်းတို့ကို စဉ်ဆက်မပြတ်လေ့လာနိုင်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

## စိုက်ပျိုးရေးတက္ကသိုလ်ရာပြည့်နှစ်မှစတင်၍ ထုတ်လုပ်မှုအထောက်အကူပြုသုတေသနများ ဆောင်ရွက်

နေပြည်တော် မတ် ၉



ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးခြင်းနှင့် တစ်ကေချင်း၏ ဆီထုတ်လုပ်နိုင်မှု မြင့်မားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော မျိုးမြှင့်တင်ခြင်းကို ပညာရှင်များနှင့် သုတေသီများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာနက ဦးဆောင်၍ ဆရာ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများက ဆင်းရွှေကြာ(၂) နေကြာမျိုးအား မျိုးမြှင့်တင်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်လျက်သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏လက်တွေ့လေ့လာမှုအထောက်အကူပြု စိုက်ကွင်း၌ စိုက်ပျိုးထားရှိသော ဆင်းရွှေကြာ(၂) နေကြာမျိုးအား မျိုးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တက်ရောက်အားပေးပြီး နေကြာမျိုး ရွေးချယ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် နည်းပညာများ၊ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားရာ ပင်ခြားဝတ်မှုန်ကူးသော အပင်မျိုးဖြစ်သည့် နေကြာကို စပ်မျိုးထုတ်လုပ်ရန် ကောင်းမွန်သည့် ဗီဇအစုအဖွဲ့ပါသော အခြေခံမျိုးဖန်တီးမွေးမြူရန် လိုအပ်မှုကို သတိပြုရန်နှင့် ယခုဖန်တီးမွေးမြူရာတွင် ကျင့်သုံးသည့် နေကြာပွင့်အရွယ်အစားကို တန်ဖိုးဖြတ်ရွေးချယ်ကာ နောက်သားဆက်အချင်းချင်း ပြန်လည်ဝတ်မှုန်ကူးစေခြင်းနည်းဖြင့် လိုလားအပ်သော လက္ခဏာများကို လွှမ်းမိုးထားသည့် ဗီဇများအား စုစည်းစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့်မျိုးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပညာရှင်များ၊ သုတေသီများ၊ စိုက်ပျိုးသူ တောင်သူများနှင့် ရောင်းဝယ် ဖောက်ကားသူများအားလုံး ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြမှသာ ပြည်ပမှ မျိုးစေ့တင်သွင်းအသုံးပြုရမှုကို လျှော့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးတက္ကသိုလ် အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေး ပညာရှင်များကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် တက္ကသိုလ် နှစ်(၁၀၀)ပြည့်ပြီဖြစ်ပြီး ရာပြည့်နှစ်မှစတင်၍ ထုတ်လုပ်မှု အထောက်အကူပြုသုတေသနများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ လယ်ယာကဏ္ဍစာရင်းအင်း အရည်အသွေးပြည့်ဝမှန်ကန်စေရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကကြီးမှူး၍ လယ်ယာကဏ္ဍစာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက်ကစတင်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သုံးရက်ကြာ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းစဉ်များကိုဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်(စာရင်းအင်းဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲ)တို့က ကချင်ပြည်နယ်အတွင်းရှိ ခရိုင်/ မြို့နယ်များမှ အရာထမ်း/ အမှုထမ်း ၉၁ ဦးတို့အား လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုရာတွင် မြေစာရင်းလက်စွဲဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များအပေါ် အခြေခံ၍ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ၊ လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် အလေးထားလိုက်နာရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရန်ကုန်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့ဆေးကုသနေမှုအား ကြည့်ရှုအားပေး

ထားဝယ် မတ် ၉

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ထားဝယ်မြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီးဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ လာရောက်ပြသလျက်ရှိသော ရဟန်းရှင်လူပြည်သူဝေဒနာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံကြည့်ရှုအားပေးပြီး လူနာများအား အာဟာရဒါနလှူဒါန်းကာ ပါမောက္ခအထူးကု ဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားပြီး အထူးကုဆေးကုသရေး အစီအစဉ်အတွက် အလှူငွေကျပ် ၃၃၉၄၈၀၀ ပေးအပ်သည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် ထားဝယ်မြို့ပေါ်သာမက ထားဝယ်ခရိုင်အတွင်း မြို့နယ် လေးမြို့နယ်ရှိ မြို့ပေါ်ကျေးလက် ဒေသခံပြည်သူများ လာရောက်ပြသလျက်ရှိပြီး နှလုံးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဆီးနှင့်ကျောက်ကပ်ရောဂါ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ၊ ဦးနှောက်အာရုံကြော ဆေးကုသမှုဆိုင်ရာရောဂါ၊ ဦးနှောက်အာရုံကြော ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောအဆစ်ရောဂါ၊ ကင်ဆာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနှင့် အထွေထွေဆေးပညာဆိုင်ရာရောဂါများနှင့်ပတ်သက်၍ မတ် ၁၀ ရက်အထိ ဆေးကုသမှုပေးမည်ဖြစ်သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၄ ခုနှစ် နှစ်ဆန်းမှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဆောင်ရွက်လျက်ရှိပြီး တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့၊ ပုသိမ်မြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ မြိတ်မြို့၊ ညောင်ဦးမြို့၊ မြစ်ကြီးနားမြို့၊ ဟင်္သာတမြို့နှင့် ယခုအခါ ထားဝယ်မြို့၊ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



# နတ်တလင်းမြို့ ဌာနဆိုင်ရာရုံးများ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

နတ်တလင်း မတ် ၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း သရုပ်ပြသမှုကို မတ် ၈ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဆောင်ရွက်ခဲ့သည်။

နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဦးလတ် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းထွေးနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးလန့်မှုများ ဖြစ်ပေါ်လာပါက ကြိုတင်မီးငြှိမ်းသတ်နိုင်စေရန် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ပိုက်များဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ချောင်းဆုံ မတ် ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်ပြီး ထွေ/အုပ်ဌာန၊ ဘေး/စီမံဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ရွှေမြင့်မိုရ်ပရဟိတအသင်းတို့မှပူးပေါင်းကာ မတ် ၈ ရက် မွန်းလွဲ ၃ နာရီက ကွမ်သဲကျေးရွာ၊ ရပ်ကွက်(၄)တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



## တုံ့ပြန်ဆောင်ရွက်နိုင်

အဆိုပါ အသိပညာပေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရခြင်းသည် မီးသတ်ကား ဝင်ထွက်သွားလာရန်ခက်ခဲသော ကျေးရွာများ၌ မီးလောင်မှု ဖြစ်ပွားလာပါက တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် ရေအဆက်မပြတ်ရရှိရေး အဝီစိတွင်းများမှ အပေါ့စားစက်ဖြင့် ရေရယူခြင်း၊ မီးငြှိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်တတ်စေရန် ရည်ရွယ်၍ ယခုလို အသိပညာပေး လုပ်ငန်းကို စဉ်ဆက်မပြတ် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးက ပြောသည်။

မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်နှင့် မီးငြှိမ်းသတ်နည်းများကို တက်ရောက်လာသူပြည်သူ ၅၀ ဖြင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်



သံဖြူဇရပ် မတ် ၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန ရုံးဝင်းအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပရဟိတအဖွဲ့ဝင်များက အထပ်မြင့်တွင် မီးလောင်မှုဖြစ်ပွားလာပါက မီးငြှိမ်းသတ်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# တွံတေးမြို့နယ် ကလီထော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

တွံတေး မတ် ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ လျင်မြန်စွာရောက်ရှိစေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးနေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကလီထော်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကလီထော်ကျေးရွာတွင် အရှည် ၃ ဒသမ ၇၈ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ဂဝံကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ Pipe Culvert တံတားသုံးစင်း တည်ဆောက်နေခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၆ ဒသမ ၂၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြင့်ထွဋ်ဦးကုမ္ပဏီမှ ၂၀၂၃ခုနှစ် ဩဂုတ်လ ပထမအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက ကလီထော်ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၃၀၈ အိမ်၊ လူဦးရေ ၁၂၈၇ ဦးတို့၏ လယ်ယာဧက ၁၀၀ မှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂



# ဟူသီစစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် ဗီယက်နမ် သင်္ဘောသားတစ်ဦးသေဆုံးခဲ့ခြင်းအပေါ် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ရှုတ်ချ

ဟန္နိုင်း မတ် ၉

အေဒင်ပင်လယ်ကွေ့ရှိ ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီစစ်သွေးကြွများ တိုက်ခိုက်မှုကြောင့်ဗီယက်နမ်သင်္ဘောသား တစ်ဦးသေဆုံးခဲ့ခြင်းအပေါ် ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဖမ်သူဟန်က ရှုတ်ချကြောင်း ပြောကြားသည်။

မတ် ၆ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုအတွင်း သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယင်းသုံးဦးမှာ ဗီယက်နမ် သင်္ဘောသား တစ်ဦးနှင့် ကျန်နှစ်ဦးမှာ ဖိလစ်ပိုင်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးမှာလည်း ဒဏ်ရာအပြင်းအထန် ရခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ဆိုသည်။

နိုင်ငံတကာ ရေကြောင်းပိုင်နက်အတွင်း လုံခြုံရေး၊ ဘေးကင်းရေးနှင့် လွတ်လပ်မှုရှိစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား အင်အားအသုံးမပြုရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဖမ်သူဟန်က တိုက်တွန်းပြောကြားသည်။

အမေရိကန် သင်္ဘောဖျက် ပဲ့ထိန်းဒုံးကျည်သည် ဘာဘေးဒိုးစ်နိုင်ငံ အလံလွှင့်တင်ထားသည့် သင်္ဘော “True Confidence”ကို ထိမှန်ခဲ့သည်ဟု အမေရိကန် ဗဟိုစစ်ဌာနချုပ်က ဆိုသည်။

ဟူသီသူပုန်များသည် ယီမင်ကမ်းလွန်ရေပြင်တွင် ဒုံးကျည်များစွာဖြင့် အမေရိကန် စစ်သင်္ဘောတစ်စင်းကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဟူသီများက အခိုင်အမာ




ပြောကြားသည်။

အိန္ဒိယရေတပ်သည် အိန္ဒိယ နိုင်ငံသားတစ်ဦးအပါအဝင် သင်္ဘောသားများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဟူသီစစ်သွေးကြွများသည် နိုဝင်ဘာလကတည်းက ပင်လယ်နီအတွင်းနှင့် အနီးတစ်ဝိုက်တွင် ကုန်တင်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်နေသည်။

မတ် ၆ ရက်တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုသည် ပထမဆုံး အသက်သေဆုံးခဲ့သည့် တိုက်ခိုက်မှုဖြစ်သည်။ ဂါဇာကမ်းမြောင်၌ အစ္စရေးနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် ဟားမတ်စ်တို့နှင့် စည်းလုံးညီညွတ်မှုရှိသည်ကို ပြသရန် ဟူသီစစ်သွေးကြွအဖွဲ့က ယခုကဲ့သို့သော အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နှင့် အခြားနိုင်ငံများသည် ဟူသီအခြေစိုက်စခန်းများကို လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းအတု သိမ်းဆည်းရမိမှုပေါင်း ၃၀၀၀၀ ထက် ကျော်လွန်

တိုကျို မတ် ၉

ယမန်နှစ်အတွင်း ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းအတု သိမ်းဆည်းရမိမှုပေါင်း ၃၀၀၀၀ ထက် ကျော်လွန်ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းအတုများ သိမ်းဆည်းခြင်းကို ၁၉၈၇ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုသိမ်းဆည်းရမိသည့် ပစ္စည်းအရေအတွက်သည် ဒုတိယအများဆုံး သိမ်းဆည်းရမိမှုဖြစ်ကြောင်း သိရသည်။




၂၀၂၃ ခုနှစ်အတွင်း နိုင်ငံအဝန်းသို့ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းအတု အရေအတွက် ၃၁၆၆၆ ခုရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

အဆိုပါအရေအတွက်သည် ၂၀၂၂ ခုနှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်း တိုးလာပြီး သုံးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၃၀၀၀၀ ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုန်ပစ္စည်းအတုများအနက် အဝတ်အထည် ၁၀၄၀၁ ထည် ပါဝင်ကြောင်း သိရသည်။ အဝတ်အထည်အတုများ တင်သွင်းမှုသည် ကုန်ပစ္စည်းအတုအားလုံး၏ ၂၈ ရာခိုင်နှုန်းဖြစ်ပြီး အိတ်များနှင့် ဖိနပ်များသည် ဒုတိယအများဆုံးဖြစ်သည်။

ထို့ပြင် Studio Ghibli နှင့် "Pokemon" ကဲ့သို့သော ဂျပန်ကာတွန်းဇာတ်ကောင်များနှင့် ပတ်သက်သည့် ပစ္စည်းများလည်း ပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အလားတူ ဒီဇင်ဘာလတွင် မေဂျာလိဂ် ဘေ့စ်ဘောကြယ်ပွင့် အိုတာနီရှိုဟိုင်သည် လော့စ်အိန်ဂျလိစ် Dodgers အသင်းသို့ ပြောင်းရွှေ့ကြောင်း ကြေညာပြီးနောက် မကြာမီတွင် ၎င်း၏ အားကစားဝတ်စုံအတုများကို ဂျပန်အကောက်ခွန်အရာရှိများသည် တွေ့ရှိခဲ့ကြောင်း သိရသည်။

ကုန်ပစ္စည်းအတု အများအပြားကို အွန်လိုင်းမှတစ်ဆင့် ဖြန့်ဝေနေကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘောဒီးယား၏ ဆန်စပါးတင်ပို့မှု ၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့

ဖနောင်ပင် မတ် ၉

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ဆန်စပါး တန်ချိန် ၉၀၁၅၃ တန် တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလက ဆန်စပါးတန်ချိန် ၉၇၁၅၃ တန်တင်ပို့နိုင်ခဲ့ခြင်းကြောင့် ၇ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ မတ် ၉ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီလအတွင်း ကုန်စည်တင်ပို့မှုမှ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၄ သန်းရရှိခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ဒေါ်လာ ၇၂ ဒသမ ၆ သန်းရှိခဲ့ခြင်းကြောင့် ၉ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါ အစီရင်ခံစာက ဆိုသည်။

ယင်းအစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမနှစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါး ၁၁၀၈၃ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းဝင်ငွေ ဒေါ်လာ ၆ ဒသမ ၈၁ သန်း ရရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်စပါးတင်ပို့မှုအတွက် ဈေးကွက်သစ်ရှာဖွေနေကြောင်း မကြာသေးမီက ကုန်သွယ်ရေးဝန်ကြီး ချမ်နီမူလ်က ပြောကြားသည်။

ကမ္ဘောဒီးယားစီးပွားကူးသန်းဝန်ကြီးဌာနသည် ကမ္ဘောဒီးယား–တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်၊ ကမ္ဘောဒီးယား–ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်၊ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယား–အာရပ်စော်ဘွားများပြည်ထောင်စု ဘက်စုံစီးပွားရေးမှတစ်ဆင့် ဆန်စပါးဈေးကွက်ကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ ဟင်းချက်ဓာတ်ငွေ့ရည် ဈေးနှုန်းများ လျှော့ချသတ်မှတ်

နယူးဒေလီ မတ် ၉

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းသုံးအတွက် ဟင်းချက်ဓာတ်ငွေ့ရည် ၁၄ ဒသမ ၂ ကီလိုဂရမ်လျှင် အိန္ဒိယရူပီး ၁၀၀(အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဝန်းကျင်) အထိ ဈေးနှုန်းလျှော့ချသတ်မှတ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ယမန်နေ့တွင် ကြေညာခဲ့သည်။

အဆိုပါ ဈေးနှုန်းလျှော့ချမှုသည် မတ် ၈ ရက် ညသန်းခေါင်ယံတွင် စတင်အသက်ဝင်ခဲ့ကြောင်း သိရသည်။

ဟင်းချက်ဓာတ်ငွေ့ရည် ဈေးနှုန်းလျှော့ ရောင်းချပေးမှုသည် အိမ်ထောင်စု သန်း ၃၃၀ နီးပါးကို အကျိုးဖြစ်ထွန်းစေကြောင်း သည်အင်ဒီးယန်းအိတ်စပရက်စ် သတင်းစာက သတင်းဖော်ပြသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ ရေကြီးမြေပြိုမှုများကြောင့် ၁၀ ဦး သေဆုံးပြီး ၁၀ ဦး ပျောက်ဆုံး

ဂျကာတာ မတ် ၉

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်တွင် ရေကြီးမြေပြိုမှုများကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံးပြီး ၁၀ ဦး ပျောက်ဆုံးနေကြောင်း ဒေသန္တရစီမံခန့်ခွဲမှုအေဂျင်စီက မတ် ၉ ရက်က ပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သဘာဝဘေးလျော့ပါးရေးအေဂျင်စီ အကြီးအကဲ ဒိုနီဂူဆရီဇယ်လ်က ပြောကြားသည်။

ဒိုနီဂူဆရီဇယ်လ်၏ အဆိုအရ လူပေါင်း ၄၅၀၀၀ ကျော်သည် ပြည်နယ်အတွင်းရှိ ခရိုင်တစ်ခုစီမှ အေဂျင်စီများက ပံ့ပိုးပေးသည့် ယာယီတဲများဆီတွင် ခိုလှုံနေရကြောင်းနှင့် အိမ်ခြေ ၂၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး တံတားရှစ်စင်းထက်မနည်း ကျိုးကျခဲ့ကြောင်း သိရသည်။

ယင်းဒေသတွင် ရေကြီးမြေပြိုမှုများသည် မတ် ၇ ရက်ကတည်းကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအများအပြားကို ဆက်သွယ်ထားသည့်လမ်းများ ပျက်စီးခဲ့ကာ ဒေသခံများအတွက်လည်း လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမြေပြိုမှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**



# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် ပလတ်စတစ်အလိပ် ၁၈၅၃၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၃၈၂၂၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Stanley Tutron အင်ဂျင်ဝိုင် ၄၅၀၀ ကီလိုဂရမ်၊ နွယ်ချိုအမြစ်ခြောက် ၂၃၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၀၈၀၀၀)ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ လွန်းညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nabati ဝေဖာအထုပ် ၅၅၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၀၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၁၅၂၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မတ် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိန္ဒူ-ဇာသပြင် လမ်းကြောင်း၊ အိန္ဒူကျေးရွာအနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sponsor အားဖြည့်အချိုရည် ပုလင်း ၆၀၀၀၊ Smart Softener အမွှေးဆီဘူး ၄၀၈၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီမြို့ ရပ်ကွက်(၆) ဗိုလ်ကြာသုပ်လမ်းအတွင်းရှိ ဂိုဒေါင်တစ်လုံး၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၄၈၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပုလဲ(၁) ရပ်ကွက်ရှိ Golden Plus Co.,Ltd ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Red Bull အားဖြည့်အချိုရည်ဘူး ၁၂၁၂၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၀၀၀၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Metal Exhaust Fan ၁၂၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၁၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၉၆၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၁၆၃၂၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# တောင်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော



ဆမ်ဂျို၊ ကျဟယ်နှင့် စိုင်းလှဆွေ(ခ)အိုက်ကျိုင်း တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် တောင်ကြီးမြို့နယ် မိုင်းသော်(အနောက်)ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာအနီးတွင် သားဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၆ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဆမ်ဂျို မောင်းနှင်ပြီး ကျဟယ် လိုက်ပါလာသည့် ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး ကက်တမင်း ကီလို ၁၀ အား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီ ၄၅ မိနစ်တွင် စိုင်းလှဆွေ(ခ) အိုက်ကျိုင်းအား တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ နေအိမ်တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်း သုည ဒသမ ၉၈ ကီလို၊ အိုက်စ် သုည ဒသမ ၀၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၃-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကျောက်ကပ်ရောဂါကင်းဝေးဖို့ ကာကွယ်ရှာဖွေကုသစို့
- ၀၉:၂၀ ကာတွန်းအစီအစဉ် **'တီရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၂၃)
- ၀၉:၄၀ တပေါင်းသာခေါင်လပျားနောင်
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **'ပြည်ချစ်သားမွန် တေးသဝဏ်'** တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **'ကြယ်နှင့်အတူ'** (အပိုင်း-၁၈၊ ၁၉) (ဇာတ်သိမ်းပိုင်း)
- ၁၆:၃၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ Economic Review
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'သူတောင်းမြည်ကြယ်တာရာစတာလာ'** (အပိုင်း-၄၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ **'ရင်ဘတ်ထဲက အနုပညာ အကယ်ဒမီညီမင်းလွင်'** (အပိုင်း-၁)
- ၂၁:၁၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု ဇာတ်လမ်း **'အညတရမိုးကောင်းကင်'** (ဝေဠုကျော်၊ အေးမြတ်သူ)

### mitv

- 07:01 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
- 07:08 Wushu Kids & Their Limit (Ep-3)
- 07:23 Malikha & Fairy Island
- 07:36 Skilled Performance of Traditional Myanmar Colored Glass Ball
- 08:01 News
- 08:27 Myanmar's Bamboo Hat
- 08:41 Commercial Farming to GDP Growth, Jasmine Grower
- 09:01 Let's venture to a natural wonder
- 09:17 Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
- 09:24 Myanmar Traditional Snacks: Sago Syrup with Sweet Potato
- 09:30 Myanmar Masterclass: Artist Hla Phone Aung
- 09:44 Tha Khut Salad (Myanmar Style)
- 10:28 Dough Artist's Dream

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
လှမ်းခဲ့ပါလေရခိုင်မြေ

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းမုန့်တီချက်နည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (ပိုးမွေးမြူရေးနှင့် ခေါက်ဆွဲနှဲ့အကြောင်း)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၅)

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်

**ပအိုဝ်းကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
ဒေါင်ဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
အလှပန်းစုံညီချင်းတောင်ဆီ

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ News Desk

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တာဝန်နှင့်လူ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၁၁)

### MRTV FARMERS' / HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ စနစ်တကျဖန်တီးတီထွင် မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
- ၀၆:၃၀ မြန်မာ့ရိုးရာဝါးလက်မှုပညာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Satyaprem. Ki. Katha.2023 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၅၀ Weekend News

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# မူပိုင်ခွင့်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးခရီးလမ်း

**နိုင်ငံတစ်နိုင်ငံ၏ တီထွင်ဆန်းသစ်မှု တိုးတက်မြင့်မားရေး၊ နည်းပညာများ လွှဲပြောင်းရယူနိုင်ရေး၊ နည်းပညာဆိုင်ရာအသိပညာများကို ထုတ်လုပ်သူများနှင့် အသုံးပြုသူများအကြား အပြန်အလှန်အကျိုးပြုနိုင်စေရေး၊ လူမှုစီးပွားဘဝ သက်သာချောင်ချိရေးနှင့် ညီညွတ်မျှတမှုရှိစေရေးတို့အတွက် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် အကာအကွယ်ပေးခြင်းတို့သည် အဓိကကျသော အချက်တစ်ခုအဖြစ် ပါဝင်နေပါသည်။**

**မူပိုင်ခွင့်ဦးစီးဌာန
အိုင်တီဌာနခွဲ**

မြန်မာနိုင်ငံအနေဖြင့်လည်း အတည်ပြုပြဋ္ဌာန်းပြီးသော မူပိုင်ခွင့်ဥပဒေများဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြု၍ မြန်ဆန်ထိရောက်စွာ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

မူပိုင်ခွင့်စနစ်အသုံးပြုသူများနှင့် မူပိုင်ခွင့်အခွင့်အရေး ရယူလိုသူများအတွက် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ခြင်းနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေများ တိကျမှန်ကန်မြန်ဆန်စွာရရှိစေခြင်းတို့သည် ဒစ်ဂျစ်တယ် နည်းပညာများကို အကျိုးရှိရှိအသုံးချပြီး Digital Government အဖြစ် ကျင့်သုံးဖော်ဆောင်နိုင်မှုပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ဝန်ကြီးဌာနတွင်လည်း Digital Transformation ဟု ခေါ်ဝေါ်သော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းသည့် လုပ်ငန်းစဉ်များကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ဒစ်ဂျစ်တယ်လုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများတွင် လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ်များအသုံးပြု၍ ထိရောက်စွာဆောင်ရွက်နိုင်ရန် အခြေခံအကျဆုံးဖြစ်သည့် ICT အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ Website တည်ဆောက်၍ သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်း၊ မှတ်ပုံတင်လုပ်ငန်းသုံးစနစ်များရေးဆွဲ၍ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ခြင်းနှင့် စနစ်အသုံးပြုသူများကို နည်းပညာဆိုင်ရာများ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရန်အတွက် ပြည်သူများက အမှန်တကယ်သိရှိလိုသော သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ ဖြန့်ဖြူးပေးခြင်းသည် အခြေခံအကျဆုံးဖြစ်ရာ မူပိုင်ခွင့်ဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ မူပိုင်ခွင့်ဆိုင်ရာအသိပညာပေးမှုများ၊ မူပိုင်ခွင့်ဆိုင်ရာထုတ်ပြန်ကြေညာချက်များ၊ ဒစ်ဂျစ်တယ်မှတ်ပုံတင်ဝန်ဆောင်မှုစနစ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို မူပိုင်ခွင့်ဦးစီးဌာန၏ တရားဝင် website (www.ipd.gov.mm) တွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစတင်၍ လွှင့်တင်ထားရှိပါသည်။

**မှတ်ပုံတင်လျှောက်ထားနိုင်သည့်နည်းလမ်းများ**

မြန်မာနိုင်ငံ၏ မူပိုင်ခွင့်စနစ်အကောင်အထည်ဖော်ရာတွင်

**“မြန်မာနိုင်ငံ၏ မူပိုင်ခွင့်စနစ်အကောင်အထည်ဖော်ရာတွင် ကမ္ဘာတစ်ဝန်း၌ အသုံးပြုလျက်ရှိသော ခေတ်မီဒစ်ဂျစ်တယ်ရေစီးကြောင်းများကို မှန်ကန်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်မျှော်မှန်း၍ ပထမခြေလှမ်းအဖြစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ကနဦးမှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် (WIPO File) ဖြင့် ကနဦးစတင်လက်ခံဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် အွန်လိုင်းငွေပေးချေမှုစနစ်များနှင့်ချိတ်ဆက်၍ တရားဝင်လက်ခံဆောင်ရွက်ခဲ့”**

**“ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှလျှောက်ထားနိုင်သည့်အပြင် မူပိုင်ခွင့်ရုံးခွဲများတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။ အွန်လိုင်းမှလျှောက်ထားလိုလျှင် WIPO File Account ရှိရန်လိုအပ်ပါသည်။ Account လျှောက်ထားခွင့်ရရှိရန်အတွက်လည်း မူပိုင်ခွင့်ဦးစီးဌာနက အခါအားလျော်စွာဖွင့်လှစ်သည့် မူပိုင်ခွင့်ဆိုင်ရာကိုယ်စားလှယ်သင်တန်းများတွင် တက်ရောက်အောင်မြင်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရပါမည်။ Account လျှောက်ထားခွင့်တောင်းခံလွှာ (User Account Registration Form) ကို efiling.ipd.gov.mm တွင်အခမဲ့ရယူကာ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် admin@ipd.gov.mm သို့ ပေးပို့လျှောက်ထားရမည်”**

ကမ္ဘာတစ်ဝန်း၌အသုံးပြုလျက်ရှိသော ခေတ်မီဒစ်ဂျစ်တယ်ရေစီးကြောင်းများကို မှန်ကန်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်မျှော်မှန်း၍ ပထမခြေလှမ်းအဖြစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ကနဦးမှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် (WIPO File) ဖြင့် ကနဦးစတင်လက်ခံဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် အွန်လိုင်းငွေပေးချေမှုစနစ်များနှင့်ချိတ်ဆက်၍ တရားဝင်လက်ခံဆောင်ရွက်ခဲ့ပါသည်။

WIPO File စနစ်ဆိုတာဘာလဲ၊ ဘယ်သူတွေမှတ်ပုံတင်လျှောက်ထားနိုင်လဲ၊ ဘယ်လိုမှတ်ပုံတင်အမျိုးအစားတွေကို လျှောက်ထားနိုင်လဲ၊ အွန်လိုင်းကနေ အခကြေးငွေပေးသွင်းလို့ရလား၊ စနစ်အသုံးပြုမှုလွယ်ကူမှုရှိလား၊ WIPO File User Account က မည်သူမဆို အခမဲ့ဖွင့်လှစ်ခွင့်ရှိလား စသည့်အချက်တွေကို ကြိုတင်သိရှိနိုင်စေရန် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့် စနစ်မိတ်ဆက်ခြင်း အခမ်းအနားများကို ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် ၂၀၁၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများကို ၂၀၂၂ ခုနှစ်မှစတင်၍ အပတ်စဉ်ဖွင့်လှစ်ပြီး WIPO File စနစ်နှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပါသည်။

အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် (WIPO File) ဆိုသည်မှာ မူပိုင်ခွင့်ဦးစီးဌာနတွင် စာရင်း (Account) ဖွင့်လှစ်၍ efiling.ipd.gov.mm မှတစ်ဆင့် မူပိုင်ခွင့်မှတ်ပုံတင်လျှောက်လွှာများကို လျှောက်ထားနိုင်သော စနစ်တစ်ခုဖြစ်ပြီး မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေများကိုလည်း အွန်လိုင်းမှတစ်ဆင့် တိုက်ရိုက်ပေးသွင်းနိုင်စေရန် အွန်လိုင်းငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်ထားပါသည်။ WIPO File စနစ်ကို ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization–WIPO) က နည်းပညာအထောက်အပံ့ပေးထားပြီး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအပြင် စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် တီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားခြင်းတို့ကိုပါ ဆောင်ရွက်နိုင်ပါသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှလျှောက်ထားနိုင်သည့်အပြင် မူပိုင်ခွင့်ရုံးခွဲများတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။ အွန်လိုင်းမှ လျှောက်ထားလိုလျှင် WIPO File Account ရှိရန် လိုအပ်ပါသည်။ Account လျှောက်ထားခွင့်ရရှိရန်အတွက်လည်း မူပိုင်ခွင့်ဦးစီးဌာနက အခါအားလျော်စွာဖွင့်လှစ်သည့် မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများတွင် တက်ရောက်အောင်မြင်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရပါမည်။ Account လျှောက်ထားခွင့်တောင်းခံလွှာ (User Account Registration Form) ကို efiling.ipd.gov.mm တွင် အခမဲ့ရယူကာ မူပိုင်ခွင့်ဦးစီးဌာန အီးမေးလ် admin@ipd.gov.mm သို့ ပေးပို့လျှောက်ထားရမည်။ ၎င်းလျှောက်ထားခွင့်တောင်းခံလွှာတွင် လျှောက်လွှာပုံစံနှင့်အတူ လျှောက်ထားပုံ အဆင့်ဆင့်ကိုလည်း ဖော်ပြထားပါသည်။ အခကြေးငွေပေးသွင်းရာတွင် WIPO File စနစ်မှတစ်ဆင့် AYA ဘဏ်နှင့် CB ဘဏ်တို့၏ အွန်လိုင်းငွေပေးချေမှုစနစ်များဖြင့် ပေးသွင်းပြီးမှသာ မှတ်ပုံတင်လျှောက်ထားရမည် ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်းအတွက်ရော မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခွင့်ရပြီလား၊ ဘယ်လိုလျှောက်ထားရမလဲ၊ မိမိကိုယ်တိုင်လျှောက်ထားလို့ရသလား၊ အွန်လိုင်းကနေ လျှောက်ထားရင် ကိုယ်စားလှယ်သင်တန်းတက်ဖို့လိုသလား စသည့်အချက်တွေကိုလည်း ကြိုတင်သိရှိထားဖို့လိုအပ်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် မည်သူမဆို အွန်လိုင်းမှလျှောက်ထားနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းကောင်းပေးချင်ပါသည်။

ဒစ်ဂျစ်တယ်စနစ်ကိုအသုံးပြု၍ လူပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း လျှောက်ထားနိုင်ပြီး ကိုယ်စားလှယ်ထားရှိ၍လည်း လျှောက်ထားနိုင်ပါသည်။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်လိုပါက မူပိုင်ခွင့်ဦးစီးဌာနကဖွင့်လှစ်မည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းကို တက်ရောက်အောင်မြင်ရမည်။ ယင်းစာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်စနစ်တွင် လျှောက်ထားမည့်သူသည် User Account ကို အွန်လိုင်းမှ ကိုယ်တိုင်ဖွင့်လှစ်နိုင်ပြီး ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်နံပါတ်နှင့် သင်တန်းဆင်းလက်မှတ်ကိုပါ ပူးတွဲထည့်သွင်းရန် လိုအပ်မည်ဖြစ်သည်။ သင်တန်းဆင်းလက်မှတ်ရရှိထားသည့် ကိုယ်စားလှယ်၏ အချက်အလက်များနှင့် ကိုက်ညီမှုမရှိပါက ကိုယ်စားလှယ်အနေဖြင့် User Account ရရှိမည်မဟုတ်ဘဲ လျှောက်ထားသူအနေဖြင့်သာ Account ရရှိမည်ဖြစ်သည်။ ၎င်းစနစ်သည်လည်း အွန်လိုင်းငွေပေးချေမှုစနစ်များနှင့်လည်း ချိတ်ဆက်ထားရှိ၍ အချိန်ကုန်သက်သာ၍ လျင်မြန်လွယ်ကူစွာဖြင့် လျှောက်ထားနိုင်သော စနစ်တစ်ခုဖြစ်ပါသည်။

ထို့ပြင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ မူပိုင်ခွင့်ရုံးခွဲများသို့ လာရောက်လျှောက်ထားနိုင်ပြီး လျှောက်လွှာပုံစံများကိုလည်း ipd.gov.mm တွင် သက်ဆိုင်ရာ မူပိုင်ခွင့်အမျိုးအစားအလိုက် အခမဲ့ဒေါင်းလုတ် ရယူနိုင်သည်။ လျှောက်ထားလိုသည့် နေ့ရက်ကိုလည်း www.ipd.gov.mm/appointment-form တွင် ကြိုတင်ရက်ချိန်းရယူနိုင်သည်ဖြစ်ရာ မှတ်ပုံတင်လုပ်ငန်းစဉ်အတွက် အချိန်ကုန်သက်သာ၍ ပိုမိုထိရောက်သော ဝန်ဆောင်မှုကို ရရှိစေမည်ဖြစ်သည်။

**ဒစ်ဂျစ်တယ်စီးပွားရေး ဂေဟစနစ်အဖြစ် ဖန်တီးဖော်ဆောင်**

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ မူပိုင်ခွင့်စနစ်ဖော်ဆောင်မှုတွင် သမားရိုးကျနည်းလမ်းများဖြင့် စတင်ခြင်းမဟုတ်ဘဲ ဒစ်ဂျစ်တယ်နည်းပညာများကိုအသုံးပြု၍ ပိုမိုကောင်းမွန်သည့် ဒစ်ဂျစ်တယ်စီးပွားရေး ဂေဟစနစ်အဖြစ် ဖန်တီးဖော်ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် မူပိုင်ခွင့်ဦးစီးဌာနသည် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်လျှောက်လွှာများ လက်ခံဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်း၊ အသိပေးအကြောင်းကြားစာပေးပို့ခြင်း၊ စစ်ဆေးရေးရလဒ်များထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာမူပိုင်ခွင့်ရုံးများနှင့် မှတ်ပုံတင်စစ်ဆေးရေးရလဒ်များဖလှယ်ခြင်း စသည့် လုပ်ငန်းများကို မူပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်းများ စီမံခန့်ခွဲသည့် ဒစ်ဂျစ်တယ်စနစ်များကိုအသုံးပြု၍ စီးပွားရေးဖွံ့ဖြိုးမှုအရွေ့ကိုပံ့ပိုးဖော်ကာ မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ငပုတောမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၃၇၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနက အား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် စန္ဒရံသီသီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သာသနာ့နွယ်ဝင်သီလရှင် ၁၃၄ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း ပြည်သူများစိုးရိမ်စေရန် မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေရေးသားလျက်ရှိ

နေပြည်တော် မတ် ၉

စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့်ကြုံတွေ့ရနိုင်ကြောင်း နှင်းဆီရောင်အမျိုးသမီးများသမဂ္ဂအပါအဝင် အမျိုးသမီးအဖွဲ့ရှစ်ဖွဲ့၏ ထုတ်ပြန်ချက်တွင်ပြောဆိုထားကြောင်း ပြည်သူများစိုးရိမ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလ သတင်းများကြောင့် ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့်အချက်များကို ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန် ဖုန်းနံပါတ်များကို ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်လွှင့်၍လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကိုစတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကိုစစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည်များကို https://mod.gov.mm/node/74 တွင် လေ့လာနိုင်ကြောင်းတို့ကို Mobile ဖုန်းများသို့ SMS(စာတိုပေးပို့ခြင်း)ဝန်ဆောင်မှုများဖြင့် လည်းကောင်း အများပြည်သူထံသို့ ပေးပို့အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခြင်း စသည့်ကောလာဟလ သတင်းအမှား အချိန်ကိုက်ဝါဒဖြန့်ချိရေးသား၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လူငယ်လူရွယ်များ လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ယခုတွင်လည်း အမျိုးသမီးများကို စစ်မှုထမ်းရန် ပြန်လည်စုဆောင်းခံရနိုင်သည်ဟု သတင်းအမှားများကို ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိသဖြင့် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာ သတင်းတု၊ သတင်းအမှားများကို ရှောင်ရှားနိုင်ရန်အတွက် စစ်မှုထမ်းဆိုင်ရာသတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၀၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၂၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၄၅ | ၂၈၂၀ | ၂၉၂၀ | ၂၉၃၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၈၀ | ၃၁၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၆ | ၂၆၄၁ |
| 95 Ron | ၂၆၆၂ | ၂၇၄၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

မြစ်ကြီးနား မတ် ၉

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ "ကုန်သည်ကြီးများ" ဟိုတယ် သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကချင်ပြည်နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု (ရွှေ) ရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှု အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေက လမ်းညွှန်မှာကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ဆွေးနွေးသွားမည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် အသင်းဝင်အင်အား ၁၄၀ ကျော် တက်ရောက်လျက်ရှိပြီး မတ် ၉ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မုံရွာ မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် စွယ်တော်လမ်းဘေးဝဲ/ယာအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ယနေ့နံနက်ပိုင်းတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ရပ်ကွက်နေပြည်သူများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ စားသုံးဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၀ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀၀ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## မုဒုံမြို့၌ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်



မုဒုံ မတ် ၉

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက သာယာကုန်းကျေးရွာရှိ ဆန်ဇော့ယမ်သစ်ပါးလွှာစက်ရုံ၌ ပြုလုပ်သည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုနည်း၊ မီးငြိမ်းသတ်နည်း၊ မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပိတ်မိနေသူများအား ကယ်ထုတ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုခြင်း စသည့်ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် စက်ရုံလုပ်သားများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

## ဆိုင်ကယ်ထိခိုက်ဆုံးရှုံးမှုနှင့်ပတ်သက်သည့် အာမခံလျော်ကြေးငွေပေးအပ်

မန္တလေး မတ် ၉

ဂလိုဘယ်ဝေါ အာမခံကုမ္ပဏီ (Global World Insurance Co.,Ltd )တွင် ယာဉ်နှင့် ပတ်သက်သည့် အာမခံထားရှိသူများအနက် ဆိုင်ကယ်ယာဉ်နှင့် ပတ်သက်သည့် ထိခိုက်ဆုံးရှုံးသူ ငါးဦးအား အာမခံလျော်ကြေးငွေ ပေးအပ်ပွဲကို မန္တလေးမြို့ Oriental House တွင် ယနေ့နံနက် ၁၁ နာရီ တွင် ပြုလုပ်သည်။

**လက်ခံဆောင်ရွက်ပေး**

အဆိုပါ ကုမ္ပဏီအနေဖြင့် ယာဉ် မတော်တဆမှုကြောင့် ထိခိုက်ပျက်စီးမှု၊ လူနှင့် သူတစ်ပါးပိုင်ပစ္စည်း ဆုံးရှုံးနစ်နာမှုများအတွက် ငွေကြေးဖြင့် အထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်၍ အာမခံများ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး အခြားသောအာမခံများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေကြောင်း Global World Insurance Co.,Ltd စီနီယာမန်နေဂျာ ဦးသန်းထိုက်စိုးက ပြောသည်။

အာမခံလျော်ကြေးငွေ ပေးအပ်ပွဲတွင် Global World Insurance Co.,Ltd စီနီယာမန်နေဂျာ ဦးသန်းထိုက်စိုးနှင့် တာဝန်ရှိသူများက ဆိုင်ကယ်ပျောက်ဆုံးသူ ငါးဦးတို့အား အာမခံထားရှိသော လျော်ကြေးငွေများကို ပေးအပ်ပြီး အာမခံလျော်ကြေးငွေလက်ခံသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**




## တီးတိန်မြို့ လူစည်ကားရာနေရာများတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

တီးတိန် မတ် ၉

ချင်းပြည်နယ် တီးတိန်မြို့၌ မြို့နယ် ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝင်းသန်း ဦးဆောင်ပြီး ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများက အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများ ကျယ်ပြန့်စွာသိရှိနိုင်ရန်ရည်ရွယ်လျက် တီးတိန်မြို့ လူစည်ကားရာ ကမ်းဟောက်လမ်းနှင့် ထွမ်းဝုမ်းလမ်းဆုံတွင် ယမန်နေ့မွန်းလွဲပိုင်းက ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ချင်းပြည်နယ်မှထုတ်ဝေသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့၊ e-ID စနစ် ဆောင်ရွက်လို့ လူမှုစီးပွားမြင့်တင်စို့၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများ စသည့် အသိပညာပေး လက်ကမ်း စာစောင်များကို ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မိုးမိုး**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့ အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး (၄၁) မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း (၄၁) ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တိုင်းတာသည့်စခန်း (၄၁) ခုအနက် (၅)စခန်းတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် (၅) စခန်းမှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် (၅) စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)




ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ

ပုံ(၂)၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မြစ်ကြီးနား | ၆.၇ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၇ |
| ၄ | ဟုမ္မလင်း | ၆.၅ |
| ၅ | ကော့သောင်း | ၆.၈ |

## တောင်ကြီးမြို့နယ် တောင်ဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**တောင်ကြီး မတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်ကွပ်ကဲမှုအောက်ရှိ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ (ပဥ္စမ)အကြိမ်ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်လေးလုံးကျေးရွာအုပ်စု တောင်ဦးကျေးရွာ၌ ကွင်းဆင်းထုတ်ချေးသည်။



ဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တောင်ဦးကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၈၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၁၆ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၈၀ အား အသင်းသူ အသင်းသားများ၏ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ပဥ္စမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## အိမ်မွေးတိရစ္ဆာန်ချစ်သူများအတွက် Yangon Pet Expo 2024 ပြသ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် Silver Sea International Ltd က ကြီးမှူး၍ Yangon Pet Expo 2024 နှင့် Myanmar Grand Dog Show 2024 ပြပွဲကို မတ် ၉ ရက်မှ ၁၀ ရက်အထိ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ၌ ပြသလျက်ရှိသည်။

Pet Expo ပြပွဲဖြစ်သည့်အတွက် မိမိချစ်ခင်သည့် Pet များကို ခေါ်ဆောင်လာနိုင်ပြီး အစားအစာများ ဝယ်ယူကျွေးမွေးနိုင်ရန် စီစဉ်ထားသည်။ ထို့ပြင် တိရစ္ဆာန်နှင့်ပတ်သက်သည့်ဆေးဝါးများ၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများပြခန်းများ၊ ဆက်စပ်ပစ္စည်းအရောင်းပြခန်းများကို စိတ်ဝင်စားဖွယ်ပြသထားရာ ပရိသတ်များ ကြည့်ရှုလေ့လာကြသည်။



အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၁၆ ခုက ပြခန်းပေါင်း ၄၁ ခု ပြသထားသည်။ ထို့ပြင် SME ဆိုင်ခန်းပေါင်း ၁၅ ခန်းနှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းရှင်များက ပြခန်း ခုနစ်ခန်းလည်း ပါဝင်ပြသကြပြီး ပညာရှင်များ၊ ဆရာဝန်များနှင့် တွေ့ဆုံ ဆွေးနွေးနိုင်ရန် စီစဉ်ထားရှိသည့်အပြင် ပညာပေးဟောပြောပွဲကို တက်ရောက်နိုင်ကြောင်း သိရသည်။

ပြပွဲတွင် တိရစ္ဆာန်ပြိုင်ပွဲကို ထည့်သွင်းထားပြီး ပြပွဲလာပရိသတ်များကို Summer Travel Fair က အပန်းဖြေခရီးစဉ်များ ကံစမ်းမဲဖောက်၍လက်ဆောင်ပေးအပ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

ပြင်ပအလင်းရောင်ကို အသုံးချပါ။
မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## ကပ်သုံးပါးကျော် လာဘ်ခေါ် အဓိဋ္ဌာန်တော်ကြီး

စာရေးသူ ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း) ရေးသားသည့် ကပ်သုံးပါးကျော် လာဘ်ခေါ် အဓိဋ္ဌာန်တော်ကြီးစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသည့် ရောဂါဘေးကြောင့်ပျက်စီးခြင်း(ရောဂန္တရကပ်)၊ လက်နက်ဘေးကြောင့်ပျက်စီးခြင်း (သတ္ထန္တရကပ်)၊ ငတ်မွတ်ဘေးကြောင့်ပျက်စီးခြင်း(ဒုဗ္ဘိက္ခန္တရကပ်)ဟူသော ကပ်ကြီးသုံးပါးဆိုက်ရောက်နေသည့်အချိန်တွင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် ဘုရားအနေကဇာတင်ဂါထာတော်၊ မြတ်ဗုဒ္ဓ၏ နှစ်ဖက်သော ခြေဖဝါးတော်တို့၌ ပေါ်ထွန်းနေသည့်(၁၀၈)ကွက်သော စက်လက္ခဏာတော်များ၊ မြတ်ဗုဒ္ဓ၏ တရားဦးဓမ္မစကြာတရားတော် ပဋ္ဌာန်းပဥ္စဝါရပါဠိတော်၊ နမောသိဒ္ဓိမန္တန်တော်ကြီးနှင့် မေတ္တာသုတ်တော်တို့ကို နေ့စဉ် အဓိဋ္ဌာန်ပြုပူဇော်ခြင်းဖြင့် ကပ်သုံးပါးမှ လွတ်မြောက်၍ စိတ်ချမ်းသာစွာဖြင့် ကုသိုလ်ပြုလုပ်ငန်းများ လုပ်ကိုင်နိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်သည် စာမျက်နှာ ၁၁ မှ ၁၂၉ အထိ အဓိဋ္ဌာန်ပြုပူဇော်မှုအစီစဉ်အတိုင်း နေ့စဉ်အဓိဋ္ဌာန်ဖြစ်စေ၊ ကိုးရက်၊ ၁၈ ရက်၊ ၂၇ ရက် စသည်ဖြင့် အဓိဋ္ဌာန်ပြုပူဇော်ရပါမည်။ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများ၊ ငွေကြေးအဆင်မပြေသူများ၊ စားဝတ်နေရေး၊ လူမှုရေး အဆင်မပြေမှုများ၊ လာဘ်လာဘပိတ်နေသူများ နေ့စဉ် အဓိဋ္ဌာန်ပြု ပူဇော်ပါက အတိတ်ကံရှိသမျှ အကျိုးကျေးဇူးများ ခံစားရရှိမည်ဖြစ်သည်။

စာအုပ်ကို ဤဗိတံစာပေ၊ အမှတ် (2A-514)၊ မုဒိတာအိမ်ရာ(၂)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၂၀၁၄၃၈၁၁၊ ၀၉ ၉၆၅၁၄၃၈၁၁ နှင့် အာကာစာပေ၊ အမှတ် (၈၇)၊ ရေဝတီလမ်း၊ အလုံ။ ဖုန်း-၀၉-၄၄၈၆၈၃၆၁၅ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။




## ပဋ္ဌာန်းအနှစ်ချုပ်

အင်ကြင်းမြိုင်ဆရာတော် အရှင်ဒေဝိန္ဒာဘိဝံသ ရေးသားသည့် ပဋ္ဌာန်းအနှစ်ချုပ်စာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

ဆရာတော်သည် တရားစခန်းများဖွင့်လှစ်ပြီး တရားလည်းပြ၏။ ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပြီး သင်တန်းများပို့ချသည်။ ပရဟိတအသင်းများ၏ နာယကအဖြစ်ဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ သာသနာရေးဆိုင်ရာ ဆောင်းပါးများ၊ ပရိယတ္တိပညာရေးဆိုင်ရာ စာတမ်းများရေးခဲ့သည်။ ဓမ္မစကူးလ်ကျောင်းများပေါ်ပေါက်ရန် ကလောင်ဖြင့် နှိုးဆော်ခဲ့သည်။ နက်နဲခက်ခဲလှသော ပဋ္ဌာန်းတရားတော်ကို လူအများနားလည်အောင် ရေးသားထားသည်။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် အဘိဓမ္မာ ခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူရာ နောက်ဆုံးကျမ်းဖြစ်သော ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ပါးတို့ ကွန့်မြူးထွက်ပေါ်လာရာ ကိုယ်တော်မြတ်၏ ဝဲယာ ရှေ့နောက် ထက်အောက်ဖီလာ အရပ် ၁၀ မျက်နှာတို့သို့ အဆုံးအပိုင်းအခြား အဆီးအတားမရှိ ထိန်လင်းတောက်ပသွားလေသည်။ မြတ်စွာဘုရား၏ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ပါးသည် တဝင်းဝင်း တလက်လက်ဖြင့် ကွန့်မြူးပေါ်ထွက်လာခြင်းသည် ပဋ္ဌာန်းတရားတော်၏ ထူးခြားချက်ဖြစ်သည်။

ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်လျှင် ကောင်းကျိုးချမ်းသာများ ရရှိနိုင်သကဲ့သို့ ပဋ္ဌာန်းတရားတော်၏အနက်အဓိပ္ပာယ်ကို ဆင်ခြင်လျှင်လည်း ဉာဏ်စဉ်တက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိနိုင်ပေသည်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်း၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၉၀၃၉၆၉နှင့် ၀၉-၆၉၀၆၀၆၉၆၁တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ဖြင့် ဖြန့်ချိသည်။




## ခေတ်သစ်စစ်ပွဲ

စာရေးသူ စိုးညွန့် မြန်မာပြန်ဆိုသည့် ခေတ်သစ်စစ်ပွဲစာအုပ် ထွက်ရှိလာသည်။

ခေတ်သစ်စစ်ပွဲများတွင် အဆင့်မြင့်နည်းပညာများအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် ပေါင်းစပ်ပါဝင်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ၎င်းသည် ယေဘုယျအားဖြင့် နည်းပညာအရ အဆင့်မြင့်မားသော လက်နက်များနှင့် နည်းဗျူဟာများအားလုံး ဆက်စပ်ပါဝင်လျက်ရှိသည်။ သို့သော် တတိယကမ္ဘာ့နိုင်ငံများသည် နည်းပညာအဆင့်နိမ့်သည့်လက်နက်များဖြင့် ပြောက်ကျားစစ်နည်းဗျူဟာကို ပိုမိုအသုံးပြုရန် လွယ်ကူကြပြီး ၎င်းတို့အနေဖြင့်လည်း ခေတ်သစ်စစ်ပွဲများတွင် ပါဝင်ခြင်းမရှိဟု ပြောဆို၍မရပေ။

ယနေ့အချိန်သည် နျူးကလီးယားလက်နက်များ ထွန်းကားလာသည်နှင့်အမျှ ပြီးပြည့်စုံသော စစ်ပွဲသဘောတရားများသည် ကမ္ဘာလုံးဆိုင်ရာ ပျက်စီးဆုံးရှုံးမည့်အခြေအနေတစ်ရပ်သို့ ရောက်ရှိလာလျက်ရှိသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အချိန်မှအစပြု၍ ဖြစ်ပေါ်လာသော ပဋိပက္ခများသည် "စစ်ရှိန်နည်းအရေးအခင်း"(Low Intensity) ဖြစ်ပြီး ပုံမှန်အားဖြင့် ဒေသတွင်း ကန့်သတ်နယ်မြေများတွင်ဆင်နွှဲသည့် ကိုယ်စားပြုစစ်ပွဲပုံစံများဖြင့် သမားရိုးကျလက်နက်များကိုအသုံးပြု၍ ထောက်လှမ်းရေးနည်းစနစ်များနှင့် အချိုးမညီသော စစ်ပွဲဆိုင်ရာနည်းဗျူဟာများကို လက်တွေ့ပေါင်းစပ်အသုံးပြုခြင်းပင်ဖြစ်သည်။

စာအုပ်ကို ဦးသိန်းဝင်း ပပဝင်း(၀၀၂၈၄)မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားသည်။




## ကမ္ဘာတစ်လွှား ခရီးသွားအတွေ့အကြုံဆန်းများ

စာရေးသူ ဒေါက်တာနုမြတ်သိင်္ဂီဦး ရေးသားသည့် ကမ္ဘာတစ်လွှား ခရီးသွားအတွေ့အကြုံဆန်းများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် စာရေးသူသည် ခရီးသွားဝါသနာပါသူဖြစ်သည့်အလျောက် နိုင်ငံပေါင်း ၆၅ နိုင်ငံ၊ နိုင်ငံခြားခရီးစဉ်ပေါင်း ရာချီသွားရောက်ခဲ့ဖူးပြီး အဆိုပါစာအုပ်တွင် သွားရောက်ခဲ့သည့်ခရီးများအနက် ထူးခြားသည့်အတွေ့အကြုံများ၊ ထင်ရှားသည့်နေရာဒေသအဆောက်အအုံများ၊ ပြည့်ဝခဲ့သည့် ခရီးသွားဆန္ဒများကို စိတ်ဝင်စားဖွယ်ရွေးချယ်၍ စုစည်းဖော်ပြထားခြင်းဖြစ်ရာ နိုင်ငံပေါင်း ၃၆နိုင်ငံမှ ဆောင်းပါးပေါင်း ၅၀ ကို ရေးသားဖော်ပြထားသည်။

ယင်းစာအုပ်တွင် ကမ္ဘာတစ်လွှားမှ ခရီးသွားအတွေ့အကြုံများအပြင် "ဘယ်အချိန်မှာ လုပ်ဖို့အကောင်းဆုံးလဲ၊ ဘယ်မှာလုပ်လို့ရသေးလဲ" စသော မေးခွန်းများကိုပါ အဖြေများရေးပေးထားသည်။ ကုန်ကျစရိတ်အကြမ်းဖျင်း၊ အခြားသွားသင့်သောနေရာများ၊ အခြားလုပ်သင့်သော Activities များ၊ အကြံပေးချက်များ၊ စိတ်ဝင်စားဖွယ် Facts များလည်း ထည့်သွင်းဖော်ပြထားသဖြင့် ပြည်ပခရီးသွားခြင်းကိုစိတ်ဝင်စားသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း(၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၅၂၉၃ နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုးငွေကျပ် ၂၂၀၀၀ဖြင့် ဖြန့်ချိသည်။

# စစ်တွေမြို့ပေါ်ရှိ စာစစ်ဌာနများ သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ မတ် ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာစစ်ဌာနများ စီစဉ်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**စိတ်ချမ်းမြေ့စွာဖြေဆို**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်ပြီး စာစစ်ဌာနအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရန် စီစဉ်ထားရှိမှုနှင့် စာမေးပွဲဖြေဆိုကြမည့် စာသင်ခန်းများ စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် တာဝန်ထမ်းဆောင်ကြမည့် ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် ဆရာ ဆရာမများအား ကျောင်းအုပ်ဆရာကြီးရုံးခန်း၌တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်မြင့်မားရေးသည် အဓိကကျကြောင်း၊ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် ပညာအရည်အချင်းပြည့်ဝပြီး ကျန်းမာကြံ့ခိုင်ကာ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်ရန် အရေးကြီးကြောင်း၊ ပညာရေးမြင့်မားမှ မိမိတို့လိုချင်သော ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ကြောင်း၊ စာမေးပွဲဖြေဆိုရန် ရောက်ရှိလာကြသော ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာဖြေဆိုနိုင်ရန်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့သွားရောက်ပြီး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအားတွေ့ဆုံကာ တက္ကသိုလ်အတွင်း စာသင်ဆောင်များတွင် ပေါင်းစည်းစာစစ်ဌာနများဖွင့်လှစ်ကာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာဖြေခန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဝတ္ထုတို

## ■ ဆောင်းမာန်ဝင့်အောင် (တောင်ကြီး)




(၁)

"မညိုကြက်သား နှပ်ထားပြီနော် ငါးလည်းကြော်ရအုံးမယ်"

"ငါလည်း ပန်းကန်တွေဆေးပြီးရင် စားပွဲတွေ သုတ်ရဦးမယ်။ လမ်းဘေးဆိုတော့ ဖုန်က အများသားဟာ"

"ဟုတ်ပ"

"ချဉ်ရည်ဟင်းလည်း မြန်မြန်အရည်ကျမှပဲ ခဏနေ ထမင်းလာစားကြရင် အရည်သောက်မပါဘဲ နေလိမ့်မယ်"

"ဝက်သွေးခဲရလာလို့ ကြော်ဦးမယ် မနေ့က သံခဲတို့အုပ်စု မေးနေတာ မချိုရေ"

"ဟုတ်တယ် မညိုရေ မလွင်ရီလည်း မှုစ်ချဉ်နဲ့ ဝက်ရိုးလေး ချက်ပါဦးတဲ့ အရင်နေ့ကတည်းက ပြောနေတာ ဒီနေ့က ဝက်ရိုးက မရပြန်ဘူးလေ"

"ချဉ်ပေါင်ရေတ်သီးချက်လည်းရပြီ၊ အစိမ်းကြော်လည်းရပြီ၊ ဘာလချောင်ကြော်လည်းရပြီ"

မနက် ၈ နာရီကတည်းက ဈေးသွားချက်နေရတာ ခုထိမပြီးသေး။ မချိုနဲ့ မညို အပျိုကြီးညီမနှစ်ယောက်ရဲ့ ထမင်းဆိုင်လေးက သည်မှာရပ်တည်နေတာ နှစ်အတော်ကြာပြီလေ။

ဆိုင်ကြီးမဟုတ်ပေ။ လမ်းဘေးမှာ စားပွဲခုံအကြီးကြီးချပြီး မိုးကာလေး မိုးထားသော ရောင်းဖြစ်သည်ဆိုရုံမျှ လမ်းဘေးဆိုင်လေး။ တစ်ခါစား ၅၀၀ ကျပ်ဆိုတော့ အသားတစ်ဖတ်၊ ချဉ်ရည်ဟင်း၊ ဘာလချောင်ကြော် နည်းနည်းလေးက မရှိသူများအတွက် အဆင်ပြေတယ်။ သဘောကောင်း၊ မနောကောင်းကြ၍လည်း ချက်သည့် ထမင်း၊ ဟင်း မကုန်မှာ မပူရ အချိန်တန်ရင် အားလုံးကုန်တယ်။ အနီးအနားက ဘဝတူဈေးသည်တွေ၊ ကုန်ထမ်းသမားတွေ၊ ဆောက်လုပ်ရေး အလုပ်ကြမ်းသမားတွေက သူတို့ရဲ့ ပင်တိုင်ဖောက်သည်တွေ ဖြစ်တာပေါ့။

ညီအစ်မနှစ်ဦးတည်းဖြစ်၍ မလောက်မှာမပူရ စားဝတ်နေရေးအတွက် အဆင်ပြေလှသည်။ သနားတတ်၊ သနားကြင်နာတတ်၍အေးအေးဆေးဆေး နေကြသူများ ပီပီ အကြွေးစားပြီး ပြန်မပေးသူများကိုလည်း ရန်မလုပ်တတ်။ ရန်ငြိုးမထား။ နားလည်ခွင့်လွှတ်တတ်သူတွေ။ သူမရှိလို့ နေမှာပါလေ။ အဆင်မပြေဘူးထင်တယ်လို့ တွေးပေးလိုက်တယ်။ သူတို့ကိုပင် စိတ်ပူပေးနေမိပါရဲ့။

(၂)

"မချိုရယ် မအုန်းတစ်ယောက် မလာတာကြာပေါ့၊ ဟိုတစ်ခါ ဈေးထဲတွေ့တာ ငါ့က နှုတ်ဆက်မို့ဟာ ဟိုဘက်ကို ရှောင်သွားတယ်အေ၊ ဘာဖြစ်လည်း မသိပါဘူး"

"အကြွေးပေးရမှာ အားနာလို့နေမှာပေါ့ မညိုရယ်"

"ဘာဆိုင်လည်းဟယ်၊ ငါက သတိတောင်မရပါဘူးအေ သူ့မယ် ကလေး ငါးယောက်နဲ့ ဒုက္ခပဲ"

"ဟုတ်ပ"

"နောက်ပြီး ရေခဲချောင်းရောင်းတဲ့ အဘညိုလည်း မလာတော့ဘူးနော်"

"အသက်ကြီးနေပြီဟယ် စိတ်မကောင်းလိုက်တာ"

"ငါလေ အဘညိုလာစားရင် ဟင်းတုံးတွေ အများကြီးပို့ထည့်ပေးတာ၊ ထမင်းဖြူ ဝယ်တာတောင် ဟင်းက အလကား ပေးလိုက်တယ်ဟာ သနားလို့"

"မိုးကကောင်းနေတော့ ရေခဲချောင်းရောင်းရတာ အဆင်ပြေမှာမဟုတ်ဘူးဟယ်၊ ဒါကြောင့် လာမစားတာနေမယ်"

"အင်း ဖြစ်နိုင်တယ်"

"ညည်းနော် အထည်စက်ရုံက ကောင်မလေးတွေ လာဝယ်ရင် အကြွေးကျန်လည်း အော်မတောင်းမိစေနဲ့နော်.. သူတို့မယ် လခလေးက နည်းနည်းလေး၊ နယ်ကမိဘကို ထောက်ပံ့နေရတာ ပြေလည်မှ ပေးပါစေအေ"

"စိတ်ချပါ မညိုရယ်။ မပြောပါဘူး"

"သူတို့က လကုန်ရင် လခရတာနဲ့ ချက်ချင်းလာဆပ်ကြတာ။ ငွေချက်ချင်းရတော့ ငါတို့ လိုအပ်တာတွေ ဝယ်ရတာ အဆင်ပြေတယ်လေ။ သူတို့တွေက မှန်ကန်တယ်ဟ။ မလိမ်တတ် မညာတတ်ဘူး"

"ဟို ဆောက်လုပ်ရေးက ကောင်လေးတွေကောပဲ၊ ရွာက အဆင်မပြေလို့လာကြတာတဲ့၊ သနားပါတယ်ဟယ် ကျောင်းနေရမယ့် အရွယ်လေးတွေ"

ပန်းကန်ဆေး၊ အိုးခွက်တွေဆေးရင် ချက်ပြုတ်နေကြတာ ချွေးတလုံးလုံးနဲ့ နွမ်းဖတ်နေသော အဝတ်အစားတွေက အရောင်မပေါ်တော့။ ထမင်းဟင်းရောင်းနေတာနဲ့မတူ အလှူကြီးပေးမယ့် သူတွေလို စိတ်အားထက်သန်ကြတာ။ လာသမျှ အလှူခံပုဂ္ဂိုလ်ဘယ်သူမဆို တတ်နိုင်သလောက်လှူတယ်။အပြောချိုအနေအေးရိုးသားကြ၍ မညို၊ မချို ဆိုင်လေးကို ဘဝတူတွေက လာရောက်အားပေးကြ၍ မပိုပေမယ့် အကြွေးကင်းသော သူတို့ဘဝ အေးချမ်းလှတယ်လို့ ထင်မိပါရဲ့။

(၃)

ပိုပိုသာသာ ထည့်ပေး၍လည်း နေ့လယ်ထမင်းစားချိန်နဲ့ ညနေချိန်ဆို ဝယ်သူ၊ စားသူတွေနဲ့ လူအုံနေတတ်တာ။ သူတို့ဆိုင်လေးနဲ့ အကူမခေါ်နိုင်၍ ညီအစ်မနှစ်ယောက်လုံး ပင်ပန်းခံတယ်။

"မချို ဟိုမှာ ဒေါ်မြိုင်ကြီး လာနေပြီနော်"

"တောင်းလိုက်ရမလား၊ အကြွေးယူတာများနေပြီနော်...ဟီး"

"တော်ပါပြီအေ။ သူ့မှာ ပေးချင်တဲ့ စိတ်ရှိရင် ပေးလိမ့်မယ်။ သူပေးရမှာ ကြောက်နေတာမို့ ရှောင်နေတာပါအေ"

"ဝတ်ထားတာက နှစ်ကျပ်သား ဆွဲကြိုးကြီး၊ လက်ကောက်တွေက ဘယ်ညာ ငါးကွင်းစီ၊ နားကပ်ကြီးကလည်း ပြူးလို့၊ ဒါတောင် ဟင်းလာဝယ်ရင်လည်း အကြွေးက ပါတယ်နော်"

"အင်း သူ့ဗီဇပေါ့လေ"

တစ်ဖက်လူကို အကောင်းမြင်ပေးလိုက်တာ စိတ်ချမ်းသာတယ်လို့ မှတ်ယူလိုက်မိတယ်။

"အမလေးအေ ငါတို့အိမ်က ခွေးလေး ကျွေးချင်တာ ငါးကြော်ရှိတယ်မို့လား။ နှစ်ကောင် ငါးရာထဲလား။ အမလေး ပိုက်ဆံက မေ့လာပြန်ပြီ နောက်မှယူတော့နော်"

အကြိမ်ကြိမ်မို့ ဘာမှမပြောကြတော့၊ သူသတိရမှပေးချင်ပေး မပေးချင်လည်း စိတ်ထဲမထားကြ၍ ညီအစ်မနှစ်ယောက် ပြုံး၍သာနေကြတယ်။

သူသာအကြွေးယူတာ။ အယူခံရတဲ့ မညိုတို့ကသူတို့အိမ်က အလုပ်သမားလောက်တောင် မသားနားပေ။ တရားရစရာလည်း အများကြီးမို့ သူတို့ ညီအစ်မနှစ်ယောက် လောဘ၊ ဒေါသများ နည်းနေကြခြင်းဖြစ်တယ်လို့ ထင်မိတာပေါ့။

"မချိုရေ ကြက်သားကြော်လေး တစ်ထောင်ဖိုးလောက်ပေးဦး အရေးတကြီးထွက်လာလို့ ငါးရာပဲ ပါလာတယ်၊ နောက်မှပဲ ပေါင်းယူနော်"

ဒေါ်မြိုင်စကားကြောင့် မချို တစ်ယောက် အပြုံးလေးနဲ့ တုံ့ပြန်ရင်းနာမည်နဲ့ လိုက်အောင် အပြုံးချိုချိုလေးနဲ့ "ရပါတယ် ဒေါ်မြိုင်ရယ် ပြောရမယ့်လူလား။ ယူသွားပါ ဒေါ်မြိုင်ရယ်"

ကြက်သားကြော် ထည့်ပေးလိုက်သည်။ မရတော့ဘူးဆိုတာ သိပေမယ့် ဒီနေ့အတွက် အလှူတစ်ခုလို့ သတ်မှတ်လိုက်မိပါရဲ့။ ကြက်သားကြော်ရလို့ ထွက်သွားတဲ့ ဒေါ်မြိုင်ကိုကြည့်ပြီး ညီအစ်မနှစ်ယောက် ပြုံးလိုက်မိတယ်။ လုပ်စရာတွေအများကြီးမို့ အာရုံဖြတ်လိုက်ပြီး အိုးခွက်တွေ ဆေးကြောနေကြတော့တယ်။

(၄)

"ဟော ထမင်းစားချိန်တောင်ရောက်ပြီ။ အလုပ်သမားတွေ လာကုန်ကြပြီဟ၊ ဟဲ့ မချို အဆင်သင့်ပြင်တော့။ ထမင်းတွေ အဆင်သင့်ခူးတော့ဟေ့"

အထည်စက်ရုံ၊ ဆေးလိပ်ခုံ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်က အလုပ်သမားလေးတွေ တစ်ယောက်ပြီး တစ်ယောက်ဝင်လာကြတယ်။ အရှေ့ခုံလေးမှာရော။ အတွင်းခုံနှစ်ခုလုံး လူပြည့်သွားတယ်။ ပါဆယ်လာဝယ်သူတွေလည်းများ၍ ချက်ထားတဲ့ဟင်းတွေ ကုန်တော့မှာမို့ ညစာအတွက် ထပ်ပြီးချက်ရဦးမှာလို့ မချို တွေးလိုက်မိတယ်။

"ကြက်သားနဲ့ နှစ်ပွဲ၊ အမဲ တစ်ပွဲ"

"ငါးနဲ့ စားမှာနော်"

"ကြက်မြစ်ကြက်သဲ သုံးပွဲ။ ဝက်သား နှစ်ပွဲဗျို့"

"ဘဲဥနဲ့ သုံးပွဲ အန်တီညိုရေ"

လာစားကြသူများကို ညီအစ်အမ နှစ်ယောက် အလျင်မီအောင် အမြန်လုပ်ပေးရတယ်။ ချွေးတလုံးလုံးနဲ့ အပြုံးမပျက်ကြပေ။ စားကောင်းတယ်ပြော၍ ညီအစ်မ နှစ်ယောက်လုံး ဝမ်းသာနေကြတာ။

"အန်တီချိုရေ မနေ့ကဖိုးပါ ပေါင်းယူလိုက်။ အကြွေးမရှိရင် အမ်းမနေနဲ့ ယူထားလိုက်။ သားတို့က အကြွေးကျန်တာများလို့ အားနာနေတာ"

"အန်တီညိုရေ အမေရွာကလာလို့ ကုလားပဲတွေ၊ ကြက်သွန်နီတွေ အများကြီး။ အန်တီညိုတို့အတွက် လက်ဆောင်ယူလာတယ်"

"မညိုရေ ဒီကလေးတွေ အလုပ်လုပ်ရင်း ကျောင်းတက်ကြမှာ။ အစားအသောက်အတွက် နင်တို့ ညီအစ်မ အားကိုးရမှာ သူတို့အဆောင် နေ့တိုင်း ထမင်း၊ ဟင်း ပါဆယ်သွားပို့ပေတော့ဟေ့။ လခက ကြိုတင်ရှင်းမှာနော်ရော့။ ငါ့အလုပ်သမားတွေအတွက်"

သူများအပေါ် စေတနာကောင်းတဲ့ ညီအစ်မတွေမို့ သူတို့အတွက် မိတ်ကောင်း ဆွေကောင်းများစွာရသလို၊ ချစ်ခင်ကြင်နာသူများလည်း ပေါတာပေါ့။ သူတို့ ညီအစ်မအတွက် ဝင်ငွေတိုးစေဖို့အတွက်လည်း အခွင့်အလမ်းတွေက အပြည့်ပင်။ အဆောင်တွေကို ပါဆယ်ပို့တာနဲ့တင် ညီအစ်မနှစ်ယောက် စားဝတ်နေရေး ပြေလည်တယ်။ သဘောထားကောင်းသူများမို့လည်း အကြွေးကျန်များကို မပေးဘဲနေသူ အလွန်ရှားတယ်။ အားလုံးက အဆင်ပြေတာနဲ့ လာဆပ်ကြတာမို့ သူတို့ ညီအစ်မထမင်းဆိုင်လေးက မခမ်းနားပေမယ့် ရာသီသုံးပါးစလုံးရောင်းကောင်းလှတယ်လို့ ထင်မိပါရဲ့။

(၅)

မရှိဆင်းရဲသားတို့အတွက် ရင်အေးစေတဲ့ သူတို့ဆိုင်လေးက မခမ်းနားပေမယ့် အားလုံးရဲ့ ဗိမာန်လေးဖြစ်သလို နွမ်းပါးပေမယ့်ထက်သန်တဲ့စေတနာတွေကြောင့် ခမ်းနားတဲ့ ဘုံဗိမာန်က သူတို့ ညီအစ်မနှစ်ယောက်ကို ဆီးကြိုနေမှာဟု မျှော်လင့်နေမိတယ်။

"အန်တီချို သားတို့အတွက် ညစာဖိုးပါ ပေါင်းယူနော်"

"ဟဲ့ ရပါတယ် သားတို့သုံးဖို့ရှိရဲ့လား"

"ဟာ ရတယ်။ ရှိတုန်းပေးထားရတာ။ မရှိရင် အကြွေးယူရမှာလေဗျာ"

"ရပါတယ်ကွယ် ပြောရမယ့် လူတွေလား"

လူကမွဲပေမယ့် စေတနာသဒ္ဓါတရားလေးတွေ ပြည့်နေတော့ သူတို့ညီအစ်မနှစ်ယောက် မျက်နှာလေးကြည့်ရတာ အေးချမ်းလိုက်တာလို့ ပြောတော့ စိတ်ထဲကြည်နူးမိပါရဲ့။

"ကျွန်မတို့ ချမ်းသာတာ ဒါလေးပဲရှိတာရှင်။ ဒါတွေက လူတိုင်းလုပ်ယူလို့ရတဲ့ ကုသိုလ်တွေပါ။ သူများတွေလို မလှူနိုင်တော့ ရသလောက်ယူရတာပေါ့ရှင်"

"ဟ နင်တို့ အလှူက ဗိမာန်ပေါက်မယ့်အလှူဟ။ လိုအပ်တဲ့နေရာမှာ လှူတတ်တဲ့ စိတ်ထားမို့ အဘတော့ သာဓုခေါ်တယ်ဗျာ"

"ထပ်တူ အလှူပါ ဘကြီးအောင်ရယ်။ လာအားပေးကြတဲ့ စားသုံးသူတွေလေ ကျွန်မတို့ ရောင်းရတော့ အလှူပိုလုပ်နိုင်တာပေါ့။ အားလုံးဟာ ခဏလေးလို့ သတ်မှတ်ထားတယ်။ အချိန်တန် လက်ပြပြီး သွားရမယ့် လောကကြီးမှာ လူဖြစ်ရကျိုး နပ်ချင်တယ် ဘကြီးအောင်ရယ်"

"ကျွန်မလည်း မချိုအတိုင်းပဲ"

"သာဓု သာဓု သာဓုပါ"

### မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိ ရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ

❖ ကမ္ဘာမြေ သစ်ပင်စိုက်ရင်ဖြင့်
တို့ပျော်ပိုက် စိတ်ထဲမှာ။
သစ်တစ်ပင် ငှက်တစ်သောင်းတဲ့
လှပေါင်းစုံစွာ။

❖ ပူလောင်ခြင်း ဒဏ်ကိုသာ
အရိပ်ဖြာ သစ်ပင်များ။
လူသားတွေ အကျိုးရဖို့
စိုက်ကြစို့လား။

❖ နိုင်ငံတော် အကျိုးပြုထား
တိုးပွားလို့ အမှန်တကယ်။
သစ်တောတွေ ဖိုးတန်လှလို့
စောက်ရှောက်ကြမယ်။

❖ နေရာအနှံ့ စိမ်းလန်းသွယ်
ကြည်မွေ့ဖွယ် မြင်ရခြင်း။
လူတိုင်းမှာ တာဝန်ရှိလို့
အသိစိတ်ရင်း။

❖ မြန်မာပြည် ဂုဏ်သတင်းနှင့်
ထုံသင်းလို့ အလှဆောင်စေ။
နိုင်ငံတော် အကျိုးတွက်မို့
ထမ်းရွက်ပါလေ။

❖ သစ်ပင်စိုက်လို့ ကောင်းခြင်းဝေ
ကမ္ဘာမြေ အစဉ်အေးချမ်း။
ကိုယ့်တိုင်းပြည် ကြည်နူးမဆုံးလို့
ပြုံးပန်းရှင်လန်း ။ ။

ရင်ခတ်ပန်း(စွယ်တော်)

## မီးသတိပြု

❁ နွေရာသီ မီးသတိ
အသိရှိ လိုက်နာပါ။
မီးဘေးတွေ ကင်းစင်ရေး
လေးစားကြကာ။

❁ မီးသုံးစွဲ ဆင်ခြင်ရာ
အသိပညာ ဖြန့်ပွား။
အိုးအိမ်တွင် အန္တရာယ်ကင်းအောင်
သန့်ရှင်းစို့လား။

❁ အပူရှိန် အလွန်များ
ဖြစ်ပွားလျက် ဆုံးရှုံးသည်။
မီးကြွင်းကျန် မလောင်ကျွမ်းဖို့
ရေဖျန်းကြမည်။

❁ ဆေးလိပ်သောက် စည်းကမ်းအညီ
လမ်းဘေးဘီ မပစ်ရ။
ဝိုင်းဝန်းကူ ပူးပေါင်းရေး
ဆွေးနွေးစို့ဗျ။

❁ ဖြစ်ပွားလျှင် သတိရ
မီးသတ်ဌာန ဆက်သွယ်လေ။
အချိန်မီ သတင်းပါး
နှိုးကြားပါစေ။

❁ မီးကပ်မီးချိတ် ဆောင်သင့်ပေ
ရာသီနွေ ရောက်ပြီမို့။
မြို့ပြည်ရွာ မီးဘေးဝေးအောင်
တွေးဆပါစို့ ။ ။

ဖြိုးထက်(ရေစကြို)

ဆောင်းပါး

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

### မူးယစ်ဆေးဝါးဟူသည်

'မူးယစ်ဆေးဝါး' ဟူသည် စမ်း၍ပင် မသုံးစွဲသင့်သောအရာဖြစ်ကြောင်း ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် ပညာပေးဇာတ်လမ်းတိုများ၊ တေးသီချင်းများ၊ ကာတွန်းရုပ်ပုံများဖြင့် နေ့စဉ်ပညာပေးထုတ်လွှင့်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင်လည်း မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရေးသားတင်ပြ၍ ပညာပေးလျက်ရှိသည်။

"ဆေးလိပ်အစ
အရက်အလယ်
မူးယစ်အဆုံး
ဘဝနိဂုံး..." ဟူ၍ ပညာပေးဆုံးမလျက်ရှိရာ လူငယ်လူရွယ်တိုင်း မူးယစ်ဆေးဝါးကို အဝေးကပင် ရှောင်ကြဉ်သင့်သည်။

ယနေ့ခေတ် လူငယ်လူရွယ်များသည် ကွမ်းယာလေး တမြုံ့မြုံ့ဝါး၍ လက်ကြားထဲ စီးကရက်ညှပ်ကာ ပြောဆိုနေထိုင်ရသည်ကိုပင် စတိုင်လ်ကျသည်၊ ခေတ်မီသည်ဟု အထင်ကြီးသတ်မှတ်၍ ဟန်ရေးတပြပြဖြင့် နေထိုင်ကြသည်ကို တွေ့မြင်ရလေသည်။ ထိုလူငယ်လူရွယ်များသည် အချိန်ကြာလာသည်နှင့်အမျှ ကွမ်းယာ၊ ဆေးလိပ်မှသည် အဆင့်များတက်၍ နောက်ဆုံး မူးယစ်ဆေးဝါးသုံးစွဲသည်အထိ မူးယစ်သားကောင်များ ဖြစ်ကြရလေသည်။

ထို့ကြောင့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါးမသုံးစွဲမိစေရန်နှင့် အတုယူ မမှားစေရန် မိဘဆရာသမားများက ထိန်းကျောင်းပြုပြင်စောင့်ရှောက်ရလေသည်။ လူငယ်လူရွယ်များအား စာဖတ်စေခြင်း၊ အလုပ်အကိုင်ရှာဖွေ၍ လုပ်ကိုင်စေခြင်း၊ အားကစားနည်း တစ်မျိုးမျိုး ပြုလုပ်စေရန် အားပေးဆောင်ရွက်ခြင်းတို့ ပြုလုပ်သင့်ပေသည်။ အပေါင်းအသင်းမမှားစေရန်လည်း အမြဲတစေ သွန်သင်ဆုံးမစေခြင်းတို့ ပြုလုပ်ကြရလေသည်။

### ကွမ်းယာ၊ ဆေးလိပ်အန္တရာယ်

မူးယစ်ဆေးအစ ကွမ်းယာ၊ ဆေးလိပ်က ဟုဆိုနိုင်လေသည်။ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ အဆုတ်ပွရောဂါ၊ ပြင်းထန်သည့် သွေးတိုးရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ ပန်းသေပန်းညှိုးရောဂါများ ဖြစ်ပွားနိုင်လေသည်။

ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန် ကြိုးစားသင့်လေသည်။

ဆေးလိပ်သောက်ခြင်းကို ကမ္ဘာအနှံ့တွင် တိုက်ဖျက်လျက်ရှိသည်။ ထို့ကြောင့် မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားခဲ့လေသည်။ ဆေးလိပ်ဟုဆိုရာတွင် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက် ဟူ၍ အမျိုးအစားများ ပါဝင်လေသည်။ ဆေးလိပ်သောက်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းသို့ ကတ္တရာ၊ နီကိုတင်း၊ ခရီဆော၊ ဖီနော၊ အိုင်ဒိုးလ်စသည့် ကင်ဆာနှင့် အလုံးအကျိတ်တို့ကို ဖြစ်စေနိုင်သော အမှုန်အမွှားများ စတင်ဝင်ရောက်စေလေသည်။

ဆေးလိပ်ကြောင့် ကင်ဆာ၊ နှလုံးရောဂါကဲ့သို့သော ရောဂါဆိုးကြီးများ ဖြစ်နိုင်သဖြင့် လူငယ်လူရွယ်များမှစ၍ ပြည်သူအားလုံးက ဆေးလိပ်အန္တရာယ်မှ အသိစိတ်ဖြင့် ကာကွယ်၍ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ကွမ်းယာဆေးလိပ်မှစ၍ မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်သို့ အလွယ်တကူ ရောက်ရှိသွားနိုင်လေသည်။

### အသိပညာပေးခြင်း

မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် စီးပွားရေးဘက်တွင်သာမက လူမှုရေးဘက်ကပါ ဆုံးရှုံးနိုင်လေသည်။ ရာဇဝတ်မှုများနှင့် ကျန်းမာရေးကိုပါ ဆိုးရွားစွာ ထိခိုက်နိုင်လေသည်။

"ဆေးလိပ်အန္တရာယ် ကွမ်းရန်စွယ်"၊
"ရှောင်လေဝေးဝေး မူးယစ်ဆေး"၊
"မူးယစ်စွဲသူ ဖေးမကူ"၊
"မူးယစ်အန္တရာယ် လူ့ရန်စွယ်
ကာကွယ်တိုက်ဖျက် လက်ချင်းယှက်"၊
"မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်" ဟူသော ဆောင်ပုဒ်လေးများသည် မူးယစ်ဆေးစွဲသူ လူငယ်လူရွယ်များအား အေးချမ်းသာယာသည့် လူငယ်ဘဝထဲသို့ နွေးထွေးစွာကြိုဆိုလက်ကမ်းနေသည့် အားတက်ဖွယ် စိတ်ခွန်အားစကားများပင်ဖြစ်သည်။

မူးယစ်ဆေးဖြတ်ပြီးသည့် လူငယ်များအား လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့လာစေရေးအတွက် ပြည်သူအားလုံးက နွေးထွေးစွာကြိုဆိုကြရန် လိုအပ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ပစ်ပယ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ မပြုလုပ်ကြဘဲ ၎င်းတို့ ပြည်လည်ထူထောင်ရေးအတွက် မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရန် အရေးကြီးပေသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ကြောက်မက်ဖွယ်ဆိုးကျိုးများကို လူငယ်လူရွယ် မောင်မယ်များ ကျယ်ပြန့်စွာ သိရှိနိုင်စေရေး ထိရောက်စွာပညာပေးကြရန် လိုအပ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားရေးအတွက် လွန်စွာအရေးပါလျက်ရှိလေသည်။ အရာရာတွင်ကျယ် တို့လူငယ် ဆိုသည့် စကားအတိုင်း လူငယ်လူရွယ်များသည် နိုင်ငံတော်၏ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ တန်ဖိုးကြီးမားလှလေသည်။

လူငယ်လူရွယ်များ အဆင့်မြင့်ပညာများ တတ်မြောက်၍မိမိဒေသအကျိုး၊နိုင်ငံတော်အကျိုးကို သယ်ပိုးထမ်းဆောင်ရာတွင် အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိရောက်စွာ တိုက်ဖျက်နေသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း စုပေါင်းတွန်းလှန်ဖယ်ရှားကြရမည်မှာ မိမိတို့၏တာဝန်ဖြစ်သည်ဟု သတ်မှတ်ခံယူ၍ ပူးပေါင်းပါဝင်သင့်ပေသည်။

မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ မြေစိုက်ပိုစတာများ ဖြန့်ဝေထူထောင်၍ အသိပညာပေးတိုက်ဖျက်နေသကဲ့သို့ နှစ်စဉ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ဝတ္ထုတို၊ ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများပြုလုပ်၍ မူးယစ်ဆေးဝါးအန္တရာယ်ကို ပညာပေး၍ တိုက်ဖျက်လျက်ရှိသည်။

"မူးယစ်ဟူသမျှ ရှောင်ကြဉ်ကြ" ဆိုသည့်အတိုင်း လူငယ်လူရွယ်များသည် လူငယ်သဘာဝအရ စမ်းမသုံးသင့်ကြပေ။ မူးယစ်ဆေးဝါး၏ အစဖြစ်သော ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်ဘီယာသောက်သုံးခြင်းများကိုလည်း လုံးဝရှောင်ကြဉ်သင့်ပေသည်။ 'ဝါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်' ဆိုသည်မှာလည်း အမှန်ပင်ဖြစ်လေသည်။ အရက်ကြောင့်ပင် ပညာရေး၊ လူမှုရေး၊ စီးပွားရေးများ ပျက်စီးနိုင်ပြီး ရာဇဝတ်မှုကျူးလွန်နိုင်သည်အထိ အရက်ကလူကို ဖျက်ဆီးနိုင်စွမ်းရှိလေသည်။ ဆေးလိပ်၊ အရက်က လူကို ဤမျှပျက်စီးစေလျှင် မူးယစ်ဆေးဝါးဆိုလျှင် ဆိုဖွယ်ရာပင် မရှိချေ။ အချိန်လွန်မှ နောင်တကြိမ်လုံး တဗုန်းဗုန်းဖြင့် မဆုံးနိုင်အောင် အရိုက်ခံကြရမည်ဖြစ်လေသည်။

### ကောင်းကျိုးကိုယ်၌တည်စေမင်း

လူငယ်လူရွယ်များသည် မိမိတို့အနာဂတ်အတွက် ရွေးချယ်စရာများ မြောက်မြားစွာရှိကြလေသည်။ အသိအမြင် ဗဟုသုတများရရှိစေရန် စာအုပ်စာပေကောင်းများ နေ့စဉ်ဖတ်ရှုနေရန် လိုအပ်သည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာပမာဖြစ်နေသော ယနေ့ခေတ်တွင် လူငယ်လူရွယ်များသည် နိုင်ငံရပ်ခြားသို့ ခြေဆန့်၍ မိမိဘဝအောင်မြင်ရေးအတွက် ကြိုးစားရှာဖွေနေချိန်တွင် မိမိတို့သည်လည်း မူးယစ်ဆေးဝါးနွံထဲတွင် နစ်မွန်းမခံဘဲ မိမိဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကိုယ်တိုင် ပန်းတိုင်သို့ ကြိုးစားရှာဖွေကြရမည်ဖြစ်သည်။

"မိဘဆရာ စကားနာ၍
ကျမ်းစာသိမြင် တတ်အောင်သင်လော့
ပေါ်လွင်မပြု ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဟူသည့် ရခိုင်သူမြတ်၏ လောကသာရပျို့လာ ဆုံးမစာများသည် လူငယ်များအတွက် စံထားရသည့် ဆုံးမစာများဖြစ်လေသည်။ ကောင်းရာကို အတုခိုး၍ မိမိကိုယ်ကို ကောင်းအောင် ကြိုးစားကြရမည်ဖြစ်သည်။

ထို့ကြောင့် လူငယ်လူရွယ်များသည် မိမိတို့ဘဝ တိုးတက်မြင့်မားရေးအတွက် အစဉ်အမြဲ ကြံစည်စိတ်ကူး၍ အများအကျိုး သယ်ပိုးဆောင်ရွက်ကြပါရန်နှင့် မိမိဘဝခရီးလမ်းတွင် ဆူးငြောင့်ခလုတ်သဖွယ် အဟန့်အတားဖြစ်နေသော မူးယစ်ဆေးဝါးအန္တရာယ်ကို သတိပြုရှောင်ရှားကြပါရန် ရေးသားတိုက်တွန်းတင်ပြလိုက်ရပါတော့သည်။ ။

## ရေ

✻ ဟင်းသီးဟင်းရွက် ညှိုးသောခါ
ရေပက်ဖျန်းပေးပါ။
လန်းဆန်းလာတယ် အမြဲသိ
လက်တွေ့ဆောင်ရွက်ကြည့်။

✻ အလုပ်ဖိစီး လူတို့မည်
မောပမ်းနွမ်းရိသည်။
လန်းရှင်ကြည်ရန် ရေချိုးလိုက်
ချမ်းသာသုခဆိုက်။

✻ တိမ်လွှာမိုက်တို့ လိမ့်တက်ချိန်
မိုးရွာအကြိမ်ကြိမ်။
ရောင်ဝါမှိန်တဲ့ သစ်ပင်များ
စိမ်းစိုပွင့်သီးသွား။

✻ မေတ္တာထားတဲ့ ဝန်းကျင်ဝယ်
လူတွေကြည်နူးတယ်။
ကူညီကယ်ဆယ် ပံ့ပိုး၏
ဆင်းရဲဘယ်မရှိ။

✻ တဏှာမိတဲ့ ခန္ဓာတွေ
သတ္တလောကပေ။
မေတ္တာရေလေး တိုက်ကာကျွေး
စမ်းရေပမာအေး။
သာယာငြိမ်းချမ်းရေး။ ။

လမင်းအေး

# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)– Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor(BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="7">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁ ဥတ္တရသီရိမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="7">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မိုလ်တထောင်မြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သာကေတမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ သန်လျင်မြို့နယ်</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄ လှည်းကူးမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅ ရွှေပြည်သာမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ဒလမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="7">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ အမရပူရမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မတ္တရာမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ အောင်မြေသာစံမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သော အဆင့်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄ ပုသိမ်ကြီးမြို့နယ်</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td>လက်ခံ နိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၅ ညောင်ဦးမြို့နယ်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇ ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="7">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂ လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="7">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မြိတ်မြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="7">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပဲခူးမြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="7">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မကွေးမြို့</td><td>ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="7">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁ မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂ ဗန်းမော်မြို့</td><td colspan="5">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="7">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁ ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မြဝတီမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="7">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="7">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁ ကျောက်ဖြူမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂ သံတွဲမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၂</td><td colspan="7">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁ တောင်ကြီးမြို့</td><td></td><td></td><td colspan="2">ကောင်းမွန်</td><td></td><td></td></tr>
<tr><td></td><td>၂ တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ ကျိုင်းတုံမြို့</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td colspan="5"></td></tr>
<tr><td>၁၃</td><td colspan="7">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရွှေပြည်သာမြို့နယ်၌ မြေယာလျော်ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရွှေပြည်သာ မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာဌာနမှ သိမ်းဆည်းခံ တောင်သူများအား မြေယာလျော်ကြေးပေးအပ်ပွဲအခမ်းအနားကို မတ် ၇ ရက်က ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာဒုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းညွှန့်က အဖွင့်အမှာစကား ပြောကြားပြီး ရွှေပြည်သာမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက မြေလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ သိမ်းဆည်းခံ တောင်သူလေးဦးတို့၏ မြေဧရိယာ ၆၇ ဒသမ ၄၅ ဧကအတွက် ငွေကျပ် ၆၇၄၅၀၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းညွှန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဦး၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းတို့က ပေးအပ်ခဲ့ကြပြီး မြေလျော်ကြေးရ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဉာဏ်ဟိန်း**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၉**

အနောက်တောင်တိုင်းစစ်ဌာနချုပ် (၇၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ (၇၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်(၄)ဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူများ၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



❂ **MNL Cup မှ**

မဟာယူနိုက်တက်အသင်းသည် တိုးဆက်နိုင်၊ အာကာကျော်၊ သက်နိုင်၊ ပက်ထရစ် စသည့် အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး GFA အသင်းကလည်း ဇော်လင်းအပါအဝင် အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ၁၅ မိနစ်တွင် အသင်းခေါင်းဆောင် တိုးဆက်နိုင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ကျန်အနိုင်ဂိုးများကို ဒုတိယပိုင်းမှ ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၇၆ မိနစ်တွင် နေလင်းစိုး၊ ၉၀+၂ မိနစ်တွင် သက်နိုင်တို့က သွင်းယူခဲ့သည်။ GFA အသင်းသည် ပထမပွဲတွင် ရွှေပြည်သာအသင်းကို အပြန်အလှန် သွင်းဂိုးများဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာသီကြိုပြင်ဆင်မှုများစွာပြုလုပ်ထားပြီး နိုင်ငံခြားသားကစားသမားများ၊ နာမည်ကြီးပြည်တွင်းကစားသမားများ ခေါ်ယူအားဖြည့်ထားသည့် ရခိုင်အသင်းသည် မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီး နောက်တစ်ဆင့်တက်ရန် ရှုန်းကန်ရတော့မည်ဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၅ မိနစ်တွင် ဇော်လင်းဦးနှင့် ၄၅+၁ မိနစ်တွင် ကျော်ဇင်ဦးတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၆၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ထရာအိုရေးက သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရွှေပြည်သာအသင်းသည် ၂၇ မိနစ်တွင် သက်လွင်ဝင်း၊ ၇၁ မိနစ်တွင် တက္ကသိုလ်အသင်းမှ ဟန်အေးငြိမ်း သွင်းယူသည့်ဂိုးများဖြင့် နှစ်ကြိမ်တိုင် ဦးဆောင်နိုင်သော်လည်း တက္ကသိုလ်အသင်းက ၆၈ မိနစ်တွင် ရှိုင်းထက်အောင်၊ ၈၀၊ ၈၈ မိနစ်တွင် ဇော်ဇော်ထိုက်တို့က ဂိုးများပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် Glory Goal အသင်းက Rainbow အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ Glory Goal အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ၆၄ မိနစ်တွင် ထက်မြတ်လွင်၊ ၆၇ မိနစ်တွင် ချစ်ထွေးနှင့် ၈၅ မိနစ်တွင် ရဲကောင်းဆက်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။

မတ် ၁၀ ရက်တွင် ပဒုမ္မာကွင်း၌ ဒဂုံစတားအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် Dagon Port အသင်း၊ တက္ကသိုလ်ကွင်း၌ မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# မိုးနဲမြို့၌ ဆောင်းသီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မိုးနဲ မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ခူးဆွတ်ရိတ်သိမ်းချိန်တွင် နေကြာအောင်စေ့များရရှိရန်နှင့် ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း ဝမ်ယေးကျေးရွာနေ ဆောင်းနေကြာစိုက်ပျိုးသူ ဦးမျိုးအောင်က ပြောသည်။

မိုးနဲမြို့နယ်တွင် ဆီထွက်သီးနှံဆောင်းနေကြာကို ယခင်က စိုက်ပျိုးသူနည်းပါးသော်လည်း ယခုအခါ စားသုံးဆီဖူလုံရေး၊ မိသားစုအပိုဝင်ငွေရရှိရေးအတွက် စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ နေကြာသီးနှံကို သီးထပ်၊ သီးညှပ်စိုက်ပျိုးကြသည့်အပြင် နေကြာတစ်မျိုးတည်း စိုက်ပျိုးကြသည်များလည်းရှိကြောင်း၊ ဆောင်းနေကြာစိုက်ပျိုးခြင်းအား စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကြဲပက်စိုက်ပျိုးကြကြောင်း၊ နေကြာသက်တမ်း လေးလကြာလျှင် ရင့်မှည့်ခူးဆွတ်ကြရပြီး ယခုနှစ် တွင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေဆင်း-၁ စပ်မျိုးနေကြာမျိုးကောင်းမျိုးသန့်များကို တိုးတက်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ လက်ဝယ်အရောက် နေကြာမျိုးစေ့များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထွက်ရှိလာသည့်နေကြာများကို မိမိတို့ဒေသရှိ ကြိတ်စက်များဖြင့် ကြိတ်ကာ နေကြာဆီအဖြစ် မိမိတို့နေအိမ် မိသားစုစားသုံးဆီအပြင် ပြန်လည်ရောင်းချရာတွင်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဆောင်းနေကြာကို မိုးနဲမြို့နယ်အတွင်းရှိ ဝမ်ဟေကျေးရွာ၊ ဝမ်ယေးကျေးရွာ၊ ပန်အူကျေးရွာ၊ နားခံကျေးရွာနှင့် ဆိုက်ဖယ်ကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဆောင်းသီးနှံနေကြာစိုက်ဧက ၄၃ ဧကကျော် စိုက်ပျိုးထားရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း နည်းပညာနှင့် သွင်းအားစုများကို လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မော်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံထောပတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၁၁၆၀၀၀ ဖြင့် ရောင်းချနေ

**ပွင့်ဖြူ မတ် ၉**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ထောပတ်ပဲသီးနှံစိုက်ခင်းများ လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ သီးနှံပေါ်ဦးပေါ်ဖျား တစ်တင်းလျှင် ငွေကျပ် ၁၁၆၀၀၀ ဖြင့် ရောင်းချနေရ၍ ယခုနှစ်တွင် ဆောင်းသီးနှံထောပတ်ပဲစိုက်ပျိုး တောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ ယခုနှစ် ဆောင်းသီးနှံရာသီက စိုက်ပျိုးခဲ့တဲ့ ထောပတ်ပဲစိုက်ခင်းတွေဟာ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ယခုဆိုရင် ထောပတ်ပဲစိုက်ခင်းတွေက ရိတ်သိမ်းခြွေလှေ့လို့ရပြီဖြစ်လို့ ဒေသခံတောင်သူတွေက နွေသီးနှံစိုက်ပျိုးနိုင်ဖို့အတွက် လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့နေကြပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့က တစ်ဧကကို ပျမ်းမျှ ၂၅ တင်းလောက် ထွက်ရှိပါတယ်။ ယခင်နှစ်က ထောပတ်ပဲ တစ်တင်းကို ငွေကျပ် ၈၀၀၀၀ ဝန်းကျင်လောက်ပဲ ဈေးရတယ်။ ဒီနှစ်မှာ ပေါ်ဦးပေါ်ဖျားကို ပဲ တစ်တင်းလျှင် ငွေကျပ် ၁၁၆၀၀၀ ဈေးနဲ့ ရောင်းချရပါတယ်” ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူ ဦးကျော်ဆန်းက ပြောသည်။

**ဈေးကောင်းရရှိ**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲကြား၊ စားတော်ပဲ၊ ပဲလွမ်း၊ ပဲနောက်၊ ပဲယင်း၊ ပဲပုပ် စသည့် ပဲမျိုးစုံသီးနှံများအပြင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းတို့ကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရပြီး ယခုနှစ်တွင် ဆောင်းသီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်၌ ထောပတ်ပဲ သီးနှံအပါအဝင် ပဲမျိုးစုံသီးနှံ ဈေးနှုန်းမှာ ဈေးကွက်၌ ယခင်နှစ်ထက် ဈေးကောင်းရရှိနေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံ ၃၈၀၈၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ထောပတ်ပဲ ၇၇၃၅ ဧက၊ မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ ပဲကြား ၃၉၃ ဧက၊ စားတော်ပဲ ၃၁၉၂ ဧက၊ ကုလားပဲ ၅၂၀၅၁ ဧက၊ ပဲလွမ်း ၃၂၃၃ ဧက၊ ပဲနောက် ၄၁၇ ဧက၊ ပဲယင်း ၂၁၅ ဧက၊ အခြားပဲ ၉၄၅ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံစိုက်ဧက ၇၂၀၁၀ စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

❖ **အိမ်ကွင်းမှ**

မန်ယူအသင်းအနေနဲ့ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ဖူလ်ဟမ်အသင်းနဲ့ မန်စီးတီးအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်သုံးပွဲမှာ ပထမဆုံးအကြိမ်နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။ အဲဗာတန်အသင်းကတော့ လက်ရှိအချိန်မှာ ပြိုင်ပွဲစုံ ပွဲစဉ် ၁၅ ပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ မန်ယူအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ယခုဘောလုံးရာသီမှာ မန်ယူအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ခုနစ်ဂိုးအထိ ရှိလာခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ်(၂၈)ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး အဲဗာတန်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့လို့ ရမှတ် ၂၅ မှတ်နဲ့ အဆင့်(၁၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

❍ **ကျောဖုံးမှ**

သီဟထက်အောင် (ရခိုင်ယူနိုက်တက်)၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင် (Dagon Port)၊ လတ်ဝေဘုန်း (ဟံသာဝတီ)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း၊ ကမ္ဘောဒီးယား)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ၊ ထိုင်း)၊ အလယ်တန်း-ဝေလင်းအောင်၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင် (ဟံသာဝတီ)၊ ထက်ဖြိုးဝေ၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ ကျော်မင်းဦး (PDRM၊ မလေးရှား)၊ ဟိန်းထက်အောင် (နီဂျီဂျီဆမ်ဘီလန်၊ မလေးရှား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ လွင်မိုးအောင် (Rayong၊ ထိုင်း)၊ မြတ်ကောင်းခန့်(ပါဆီကာဘို၊ အင်ဒိုနီးရှား)၊ သီဟဇော်(ပရေဗန်၊ ကမ္ဘောဒီးယား)၊ ရှေ့တန်း-ကျော်ကိုကို (ရခိုင်ယူနိုက်တက်)၊ အောင်သူ (အူထိုင်းထာနီ၊ ထိုင်း)၊ သန်းပိုင် (ချင်းမိုင်ယူနိုက်တက်၊ ထိုင်း)၊ အောင်ကောင်းမာန် (နာခွန်ရတ်ချာစီမာ၊ ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို၊ အင်ဒိုနီးရှား) နှင့် အောင်ကျော်နိုင်တို့ ပါဝင်သည်။

**ယှဉ်ပြိုင်ကစားရမည်**

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မတ် ၂၁ ရက်တွင် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၂၃)၊ နှစ်ခန်းတွဲRC(၆)ထပ် တိုက်မှတတိယထပ်၊ (၄-လွှာ)၊ (တိုက်မျက်နှာမူ လက်ဝဲဘက်အခန်း)၊ ဧရိယာ(၅၅၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်သီ[၁၀/မလမ(နိုင်)၁၂၉၅၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမြမိုး[၁၂/အစန(နိုင်)၂၂၂၇၀၉]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုးLL.B,WIPO(Switzerland)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph-09-450023651,09-793568375**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ သခင်တင့်လမ်း၊ ၁၁၂၁/ခ နေ ဦးဇေတီးရိုးနှင့် ဒေါ်ဆန်းလှေကျွဲတို့၏ သမီး ဒေါ်ကျိမ်ခမ်းနဲမ်နှင့် မဇင်မာအေးမှာ တစ်ဦးတည်းဖြစ်ပါသည်။

**မကျိမ်ခမ်းနဲမ်(ခ)မဇင်မာအေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၂-ခ)၊ ၁၆ x ၁၇ လမ်းကြား၊ ၆၃ x ၆၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးထွန်းဝင်း၊ ဒေါ်ခင်ဝင်းမြင့်တို့(၂) ဦးအနက် ခင်ပွန်းဖြစ်သူ ဦးထွန်းဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၃၂၄/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းမြင့် [၉/မနမ(နိုင်)၀၈၄၂၄၄]က အမှုတွဲအမှတ် ၇၂၂၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၈U9)၊အောင်ရတနာလမ်းနှင့်သခင်အုန်းဖေကြီးလမ်းထောင့်၊မြေကွက်အမှတ်(၃၃၃)၊အကျယ်အဝန်း(၆၀'x ၈၀)ပေရှိဦးကျင်ဟုတ်(ခ)ဦးတင်အောင်အေး(၁၂/ကတတ(နိုင်)၀၂၁၆၀၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အားအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါ မြေနှင့်အကျိုးခံစားခွင့်တို့အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၆၆/၂၀၂၄)အရ **ဦးမြင့်သောင်း(၈/နမန(နိုင်)၀၉၂၆၅၂)**နှင့်ဒေါ်လှဲ့လှဲ့ယု(၁၂/တမန(နိုင်)၀၉၈၂၀၄)တို့က တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့်လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက် ကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက်ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)အချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၀၀၇

## သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ Central Tower (၉)လွှာ၊ အခန်းအမှတ်(၉၀၇)ရှိ KANG DONG LOGISTICS MYANMAR Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

SM GLOBAL TECHNICAL SERVICES CO., Ltd သည် ကျွန်ုပ်၏မိတ်ဆွေ KANG DONG LOGISTICS MYANMAR Co., Ltd ထံသို့ (23-2-2024)ရက်နေ့မှစ၍ အပ်နှံထားသော ကုန်ပစ္စည်းများအား လာရောက်ထုတ်ယူခြင်းမရှိ၍ ကျွန်ုပ်၏ မိတ်ဆွေ KANG DONG LOGISTICS MYANMAR Co., Ltd ဘက်မှ နည်းမျိုးစုံဖြင့် ဆက်သွယ်အကြောင်းကြားသော်လည်း လာရောက်ထုတ်ယူခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အပ်နှံထားသော ကုန်ပစ္စည်းများအား ကျသင့်ငွေနှင့်တကွ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ထုတ်ယူပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်၍ ထုတ်ယူခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဉာဏ်မင်းထက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)**
**အမှတ်(၂၈၀)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့လက်ပံခုန်ရပ်ကွက်နေ (ဘ)ဦးကြီးမြင့်၏ သားသမီးများဖြစ်သော ဦးလှိုင်ထွန်း၊ ဦးကိုကို၊ ဦးကြံ့အေး၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်စန်းညွန့်၊ ဒေါ်စန်းအေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများသည် ဦးကြီးမြင့်(ကွယ်လွန်)နှင့် ဒေါ်မြမြဝင်း (ကွယ်လွန်)တို့၏ သားသမီးများဖြစ်ကြပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏မိဘများမှ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အရှေ့လက်ပံခုန်ရပ်ကွက်၊ အကွက်အမှတ်-(၂)၊ ရွာကြီးကုန်းတောင်၊ ဦးပိုင်အမှတ်-(၄၄)၊ ဧရိယာ(၀.၂၇၀) ဧကရှိခြံမြေကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ မိဘများကွယ်လွန်ပြီးနောက် အဆိုပါခြံမြေတွင် ကျွန်ုပ်၏မိတ်ဆွေများမှ အမွေဆက်ခံ လက်ရှိနေထိုင် အကျိုးခံစားလျက်ရှိရာ ယခုအခါ အဆိုပါခြံမြေကို ကျွန်ုပ်၏မိတ်ဆွေများမှ ၎င်းတို့အမည်သို့ပြောင်းလဲရန် တရားဝင်ဆောင်ရွက်မည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ယခုသတင်းစာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် တစ်ပတ်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဝင်း(LL.B,LL.M) (စဉ်-၈၂၉၁) တရားလွှတ်တော်ရှေ့နေ**
**တိုက်-(၇)၊ အခန်း-(၈)၊ မြေညီ၊ နေကြာသာယာကုန်းလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၃၀၉၇၃၊ ၀၉-၉၇၄၅၃၃၇၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ Royal Thukha Condo ၊ မြေတိုင်းရပ်ကွက်-၁၇၊ မြေကွက်အမှတ်-၆/ယ-၂၊ တိုက်အမှတ်-၅၂၃၊ အခန်းအမှတ်-၃၁၀၊ ၃-လွှာ၊ ၉၈၃ စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်း၊ ကားပါကင်(၁)စီး ရပ်နားနေရာနှင့် ကွန်ဒို တိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို တရားဝင်လက်ရှိ လက်ရောက် ပိုင်ဆိုင်သူဖြစ်သော ဒေါ်မြတ်ဆုမွန် [၁၄/မမန(နိုင်)၀၀၁၀၂၉]က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်ဖြိုး [၇/ပခန(နိုင်)၂၆၇၅၉၃]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ဒေါ်ထက်ထက်ခိုင်(တရားလွှတ်တော်ရှေ့နေ)ထံသို့ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၇၁၁၇ (၂၇-၁-၂၀၂၁)**
**အမှတ်-၅၅၊ အခန်းအမှတ်-၂၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-5161186, 09-250060731**

## "ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ ဇာနည်(၁၂)လမ်း၊ မြေကွက်အမှတ်(၆၀၂/က) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆) ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်၊ (၅)လွှာ၊ အကျယ်အဝန်း(၁၈)ပေx(၅၄)ပေရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

အထက်ပါ တိုက်ခန်းသည် ဦးသက်နိုင်ဦး [၁၂/မရက(နိုင်)၁၁၂၁၆၃] ကိုင်ဆောင်ထားသူထံမှ ဒေါ်မိချိုချိုမွန် [၃/ကကရ(နိုင်)၀၁၄၁၅၅]ကိုင်ဆောင်ထားသူမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး တရားဝင် လက်ဝယ် ပိုင်ဆိုင်ထားကာ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၇-၃-၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက် အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်ဝင်း [၁၂/တမန(နိုင်)၀၆၅၆၅၁]** | **ဒေါ်ကြည်ကြည်စမ်း(LL.B)** |
| **အမှတ်(၃၄)၊ အောင်ရတနာလမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)** | **(စဉ်-၁၉၀၂၂)** |
| **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** | **အမှတ်(၉/၁၁)၊ ၀၀၄-မြေညီထပ်၊** |
| **ဖုန်း-၀၉-၇၇၇၂၁၆၆၈၄** | **၃၆-လမ်းအောက်၊ ကျောက်တံတား** |
| | **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၄၂၀၂၃၅၆၆၈** |

## (၇-၃-၂၀၂၄)နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၅)ပါ ဦးသိန်းဌေးမြင့် [၁၂/သဃက(နိုင်)၂၀၂၆၇၀] ၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်လွင်(စဉ်-၁၃၈၈၃)၊ ဒေါ်ခင်အေးလှိုင်(စဉ်-၁၂၂၀၈)တို့၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်ကို အပြင်းအထန် ကန့်ကွက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပါကျွန်း[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]၊ အမှတ်(၄၄၅)၊ (၄၄၇)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃/အေ)၊ မြေကွက်အမှတ်(၇၇)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေပိုင်မြေအမျိုးအစားမြေကွက်သည် မြို့မြေစာရင်းတွင် ဒေါ်ခင်နွဲ့ရီနှင့် ဦးလွှမ်းမိုးတို့အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခင်နွဲ့ရီက ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင် အမှတ်(၃၄၁၅ / ၂၀၀၇) အရ ဆက်ခံပိုင်ဆိုင်ခဲ့ပြီးနောက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပါကျွန်းထံသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ထုတ်ပေးသော အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ ထုတ်ယူကာ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၃၅၉၃/၂၀၀၇)အရ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီး သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်လွှဲပြောင်းခြင်းမှတ်တမ်းအရ (၁၂-၈-၂၀၀၉) ခုနှစ်ကတည်းက မြေပိုင်မြေကို ဦးပါကျွန်း တရားဝင်အမည်ပေါက် ပြောင်းလဲထားပြီးဖြစ်ပါသည်။ အထက်ခေါင်းစီးပါ ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးမွန်[၁၂/တမန(နိုင်)၀၀၄၉၈၄]ထံမှ ဦးသိန်းဌေးမြင့်[၁၂/သဃက(နိုင်)၂၀၂၆၇၀]က ဝယ်ယူခြင်းအပေါ် ခိုင်လုံသောတရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများအရလည်းကောင်း၊ မြေအမည်ပေါက် ဆောင်ရွက်ထားပြီးဖြစ်၍လည်းကောင်း ပြင်းထန်စွာ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးပါကျွန်း** | **ဦးမောင်ကြီး** | **ဦးစိန်မြင့်** | **ဦးရွှေ** |
| **[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]** | **(စဉ်-၁၇၇၇)** | **(စဉ်-၁၀၉၁၆)** | **(စဉ်-၅၅၉၃၈)** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁၈ ၃၇၇၄၀၆**

## "အကျိုးသက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၈/၅A)နေထိုင်သူ ဦးစိုင်းထွန်းကျော်[၁၃/လရန(နိုင်)၁၃၅၇၆၇]၏ ကိုယ်စားလှယ်စာရသူ ဒေါ်ညီညီစန်း[၁၄/အဂပ(နိုင်)၀၅၇၀၀၈]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၂၀) ရပ်ကွက်၊ မင်းရာဇာလမ်း၊ အမှတ်(၆၁၆/ခ)ဟုခေါ်တွင်သော အလျား၂၀ပေ x အနံ၆၀ပေရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မူလအမည်ပေါက် ဦးစိုးလွင်[၁၂/မရက(နိုင်)၀၆၁၇၃၄]မှတစ်ဆင့် ဆက်စပ်စာချုပ်များတွင် ရောင်းချခဲ့သော ဦးသောင်းတင်[၁၂/မရက(နိုင်)၀၆၁၇၇၂]၊ ဦးအောင်ထူး[၁၂/ကမတ(နိုင်)၀၄၁၂၉၈] တို့ထံမှ အဆင့်ဆင့်ဝယ်ယူခဲ့သော ဦးစိုင်းထွန်းကျော်၏ လွှဲအပ်ချက်အရ အသိပေးအကြောင်းကြားလိုသည်မှာ အဆိုပါခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဌာနများ၌ တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရေးနှင့် မြေအမည်ပေါက်ရရှိရေး အတွက် လူကြီးမင်းတို့အသီးသီးမှ တာဝန်ရှိသည့်အတိုင်း ယနေ့ကြေညာပါသည့် နေ့မှ (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် တောင်းဆိုအပ်ပါသည်။ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ညီညီစန်း** | **ဦးကျော်မျိုး(LL.B)** |
| **[၁၄/အဂပ(နိုင်)၀၅၇၀၀၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၈၂/၃၁-၈-၁၇)** |
| | **အမှတ်(၁၀၇)၊ ခေမာ ၄လမ်း၊ (၄)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပ။** |
| | **Ph:09-791498900,09-788391445** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ ရပ်ကွက်၊ အောင်မင်္ဂလာ(၁) လမ်း၊ အမှတ်-၉၄၃ဟု ခေါ်တွင်သော( ၂၁ပေx၄၀ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဒေါ်ကေခိုင်ဝင်း[၁၂/အစန(နိုင်) ၂၂၄၅၆၄]၊ ဒေါ်ကေခိုင်လင်း[၁၂/အစန(နိုင်)၂၂၄၅၆၅]၎င်းတို့၏ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ဆွေဇင်အောင်[၁၂/အစန(နိုင်)၂၂၄၅၆၆] က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမိုး[၁၂/အစန(နိုင်)၀၆၄၇၁၅] က ၁၁-၆-၂၀၂၃ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်"ချုပ်ဆိုပြီး ရောင်းဖိုးငွေ အပြေအကျေ ပေးချေ၍ လက်ရောက် ဝယ်ယူ လက်ရှိနေထိုင် ပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ခိုင် LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၇၁၁၇ (၂၇-၁-၂၀၂၁)**
**အမှတ်-၅၅၊ အခန်းအမှတ်-၂၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-5161186, 09-250060731**

## မြေနှင့်အကျိုးခံစားခွင့်တို့ကို တရားဝင်ပိုင်ဆိုင်ထားသူဖြစ်၍ မည်သူမျှ ထိပါးဟန့်တားနှောင့်ယှက်ခြင်း မပြုရန် သတိပေးတားမြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပါကျွန်း[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]၊ အမှတ်(၄၄၅)၊ (၄၄၇)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပါကျွန်းသည် အောက်တွင်ဖော်ပြသော မြေပိုင်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/အေ၊ မြေကွက်အမှတ်(၇၆)၊ (၀.၀၂၉)ဧက၊ မြေပိုင်မြေအမျိုးအစားမြေကွက်ကို ရောင်းချသူ ဦးမြင့်သိန်း[၁၂/ဗဟန(နိုင်)၀၂၅၉၂၃]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၃၅၉၄ /၂၀၀၇ အရ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ဝယ်ယူပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးပါကျွန်းအမည်ဖြင့် တရားဝင်ပြောင်းလဲထားပြီးဖြစ်ပါသည်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/အေ၊ မြေကွက်အမှတ်(၇၇) (၀.၀၂၉)ဧက မြေပိုင်မြေအမျိုးအစားမြေကွက်ကို တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်နွဲ့ရီ[၁၂/တမန(နိုင်)၀၂၈၃၀၇] ထံမှ မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် အရောင်းအဝယ်ပြုလုပ်ပြီးနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပြောင်းလဲထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်များကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခြင်းမရှိဘဲ ကျူးကျော်အဆောက်အဦ ဆောက်လုပ်ခြင်း၊ လွှဲပြောင်း ရောင်းချခြင်း၊ အခြားနည်းတစ်ခုခုဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန်တားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ထားလျှင် အချိန်မီဖယ်ရှားခြင်းများပြုလုပ်ပေးရန်တောင်းဆိုပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ဆောင်ရွက် ထားသူနှင့် တာဝန်ရှိသူများအပေါ် ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးတားမြစ်ပါသည်။

| | | | |
|---|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးပါကျွန်း** | **ဦးမောင်ကြီး** | **ဦးစိန်မြင့်** | **ဦးရွှေ** |
| **[၁၂/ပဘတ(နိုင်)၀၀၇၃၈၉]** | **(စဉ်-၁၇၇၇)** | **(စဉ်-၁၀၉၁၆)** | **(စဉ်-၅၅၉၃၈)** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** | |

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁၈ ၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ မဉ္ဇူလမ်း၊ အမှတ်(၃၆၃)၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ မြေကွက်အမှတ်(၃၆၃)၊ မြေပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ် ကန်ထရိုက်တိုက် အဆောက်အဦမှ ခေါင်းရင်းခြမ်း(ပထမထပ်) (၂)လွှာ၊ အကျယ်အဝန်း(အလျား ၁၂ ½ ပေ x အနံ ၅၀ ပေ) အကျယ်ရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား မြေရှင် ဒေါ်သီတာအောင် [၁၂/ဥကမ(နိုင်)၁၁၄၉၁၂] ပိုင်ဆိုင်၍ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံ သော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-ရလပ(၂၃)၊ မြေကွက် အမှတ်(၁၂၄၀)၊ နှစ်(၆၀)ဂရန်မြေ- ယခု လှိုင်သာယာမြို့နယ်၊ (၂၃)ရပ်ကွက် (ရွှေလင်ပန်း)ရွှေစပယ်(၁)လမ်း၊ အမှတ်(၁၂၄၀)(အလျား၄၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃) ထပ်အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်မြရွှေ[၁၄/ မမန(နိုင်)၁၄၄၂၆၆]အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းဌာနတွင် တည်ရှိပါသည်။ ၎င်းမြေနှင့်အဆောက်အဦကို ဦးသိန်းဝင်း [၉/ညဥန(နိုင်)၁၃၇၈၁၈]ကိုင်ဆောင်သူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချ လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်ကိုကို[၁၂/ကမရ(နိုင်)၀၆၂၀၇၃]ကိုင်ဆောင်သူ မှ ရောင်းချသည့် တန်ဖိုးဖြင့်ပင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအိမ်ခြံမြေကွက်နှင့်နေအိမ်အဆောက်အဦရောင်း ဝယ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် (တစ်ပတ်)အတွင်း စာချုပ်စာတမ်း(မူရင်း)ခိုင်လုံသော အထောက်အထားစုံလင် စွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအိမ်ခြံ မြေကွက်နှင့် နေအိမ်အဆောက်အဦ အပြီး အပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ကိုကို[၁၂/ကမရ(နိုင်)၀၆၂၀၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ (၁၀၃)ပထပ်/စီ၊ (၃၆)လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-250022892, 09-443021827**

**နိုင်ငံသာယာ ဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိုစွ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်း ဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ် မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေးပဲ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ


**ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သည့် ကုန်ပစ္စည်းအတု သိမ်းဆည်းရမိမှုပေါင်း ၃၀၀၀၀ ထက် ကျော်လွန်**

စာမျက်နှာ » ၁၃

**စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း ပြည်သူများစိုးရိမ်စေရန် မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိ**

စာမျက်နှာ » ၁၆

**လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်**

မျိုးဆက်သစ် ပျိုးခင်း

ဆောင်းပါး စာမျက်နှာ » ၂၁

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၂၂





## အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မန်ယူအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂၈)ရဲ့ မတ် ၉ ရက် ညပိုင်းအစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်မှာ မန်ယူအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဆိုပါပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၂ မိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီကနေ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကတစ်ဂိုးနဲ့ ၃၆ မိနစ်မှာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

## ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်း

ရန်ကုန် မတ် ၉

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မတ်လအတွင်းယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပြည်တွင်း၊ ပြည်ပကလပ်များတွင် ကစားနေသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မတ် ၁၁ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ ယခုရွေးချယ်လိုက်သည့် ပဏာမကစားသမား ၃၅ ဦးတွင် ပြည်တွင်းကလပ်များ၌ ကစားနေသူ ၂၃ ဦး၊ ပြည်ပကလပ်များတွင် ကစားနေသူ ၁၂ ဦး ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင် (ရန်ကုန်ယူနိုက်တက်)၊ ဇင်ညီညီအောင် (ဒဂုံစတား)၊ နောက်တန်း-နန္ဒကျော်၊ သက်ဟိန်းစိုး၊ ဖွဲ့ခန့်မင်း (ရှမ်းယူနိုက်တက်)၊ ဟိန်းဇေယျာလင်း၊ ဒေးဗစ်ထန် (ရန်ကုန်ယူနိုက်တက်)၊

စာမျက်နှာ ၂၃ ကော်လံ ၃ သို့ ○

## MNL Cup ပြိုင်ပွဲတွင် မဟာယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ တက္ကသိုလ်နှင့် Glory Goal အသင်း အနိုင်ရ



မဟာယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် မတ် ၉

၂၀၂၄ MNL Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မတ် ၉ ရက်က ကွင်းလေးကွင်း၌ ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်၊ ကချင်ယူနိုက်တက်၊ တက္ကသိုလ်နှင့် Glory Goal အသင်းတို့ အနိုင်ရခဲ့သည်။

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အနိုင်ရလဒ်နှင့်အတူ ရန်ကုန်ယူနိုက်တက်အသင်းကိုဆက်လက်ဖိအားပေးလျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၄ သို့ ❂